မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဧပြီ ၈ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၀)

နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးပြန်လည်ရောက်ရှိလာသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော်မြို့တော် ဧပြီ ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ယနေ့နံနက် ၁၀ နာရီမိနစ်၅၀တွင် နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ဦးဆောင်သော *စာမျက်နှာ ၆ ကော်လံ ၁* ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရုရှား ဖက်ဒရေးရှင်း နိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့အား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၈ ရက်)

အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး စိုက်ပျိုးရေးစီမံကိန်းများ အောင်မြင်အောင်ကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး၊ တောင်သူလယ်သမားများ အပါအဝင် ကျေးလက်ဒေသနေ ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖန်တီးဖော်ဆောင်ပေးလျက် ရှိသည်။

လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၄၁ဒသမ၂ရာခိုင်နှုန်းအထိ အချိုးအစားကြီးမားစွာပါဝင်နေပြီး ပြည်ပပို့ကုန်တန်ဖိုးတွင်လည်း ၁၁ရာခိုင်နှုန်းပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် လယ်ယာမြေသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ စိုက်ပျိုးစရိတ်ကျဆင်းစေရေးနှင့် လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧပြီလ၃ ရက်နေ့ မွန်းလွဲပိုင်းက တောင်ငူမြို့နယ် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကျောက်တိုင်ကော်ဖီခြံခွဲသို့သွားရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၅-၂၀၀၆ခုနှစ်၌ ပဲခူးတိုင်းတောင်ငူခရိုင်တွင် ကော်ဖီသီးနှံ ၇၅၃ဧကနှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်တွင် ၇၃၂၇ဧကစိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၀၆-၂၀၀၇ခုနှစ်တွင် တောင်ငူမြို့နယ်၌ ကော်ဖီ ၁၈၄ဧက၊ သံတောင်နှင့် သံတောင်ကြီးမြို့နယ်တို့၌ ကော်ဖီ၆၉၆ဧက တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်သည်။

ထို့အပြင် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့်မျိုးကိုင်း၂၀၀၀၀ကျော် ပျိုးထောင်ထားရှိပြီး ဖြစ်သည်။

၂၀၀၅-၂၀၀၆ခုနှစ်တွင် လင်ဇီးမှိုခြောက် ၈၉ဒသမ ၄၁ပိဿာ၊ ငွေနှင်းမှိုအစို၊အခြောက်နှင့် ကြွက်နားရွက်မှို ၂၄၉၇ဒသမ၉၇ပိဿာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။

ကျောက်တိုင်ခြံခွဲအတွင်း၌ တစ်နှစ်သားအရွယ် ကတ်တီမိုးကော်ဖီပျိုးပင် ၁၄၁၂၀၀ပျိုးထောင်ထားရှိပြီးဖြစ်သည်။

ပဲခူးတိုင်းအနေဖြင့် ကော်ဖီသီးနှံကို ၂၀၀၅-၂၀၀၆ခုနှစ်တွင်၁၄၀၂ဧက၊ ကရင်ပြည်နယ် သံတောင်မြို့နယ်တွင် ၇၃၂၇ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးရန်အတွက် ကတ်တီမိုးကော်ဖီပျိုးပင် ၁၄၀၀၀၀ကျော် ပျိုးထောင်ထားရှိပြီး ဖြစ်သည်။

၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ရော်ဘာ ၅၁၉၃၁ဧကစိုက်ပျိုးပြီးဖြစ်သည်။ ယခုနှစ်တွင် ရော်ဘာပျိုးပင်သိန်း၅၀ပျိုးထောင်ထားရှိပြီး ရော်ဘာဧက ၂၃၈၀၀ တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်သည်။ ရေတတ်ကောင်းနှင့် နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ထားရှိသည်။

ခြံစည်းရိုးကြက်ဆူပင်ကို ယခုနှစ်တွင် ဧက ၁၀၀၀၀ကျော် စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ထားရှိပြီးဖြစ်သည်။ ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်သည်။ ရေတတ်ကောင်းသီးနှံအား ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက၁၇၀၀ စိုက်ပျိုးပြီးဖြစ်၍ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက၂၅၀၀အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ပေးမှု၊ စိုက်ပျိုးရေ တိုးတက်ဖြန့်ဝေပေးနိုင်မှု၊ စိုက်ပျိုးရေးနည်းပညာသစ်များနှင့် မျိုးကောင်းမျိုးသန့်များ တိုးတက်အသုံးပြုနိုင်မှုတို့ကြောင့် နိုင်ငံတစ်ဝန်း၌ ၁၉၈၈-၈၉ ဘဏ္ဍာနှစ်တွင် အသားတင် စိုက်ပျိုးမြေဧက ၁၉ဒသမ၅၁သန်းသာ ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုးမြေဧက ၂၆ဒသမ၈၉သန်း ရှိလာခဲ့ပြီ ဖြစ်သည်။ သီးနှံစိုက်ပျိုးမြေအနေဖြင့် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်တွင် ဧက၂၃ဒသမ၈၀သန်းသာ ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်တွင် ဧက ၄၃သန်းအထိ တိုးတက်လာခဲ့သည်။

သို့ဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးအတွက် တာဝန်ရှိသူအသီးသီးက စိုက်ပျိုးရေး စီမံကိန်းများ အောင်မြင်ရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး အသင်းဝင်များအားလုံး ကြိုးပမ်းအကောင်အထည်ဖော်

ရန်ကုန် ဧပြီ ၇

ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့မှ စက်ရုံ၊ အလုပ်ရုံနှင့် ဌာနဆိုင်ရာများစုပေါင်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီက အလုံမြို့နယ် အလုံလမ်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့်အေးချမ်းသာယာရေး၊ ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးတို့နှင့် စပ်လျဉ်း၍ အသင်းဝင်အားလုံးက အထူးကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရေး မှာကြားသည်။

အသင်းဝင်အဆိုပြုလွှာပေးအပ်

ဆက်လက်၍ အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များအလိုက် စက်ရုံအလုပ်ရုံနှင့် ဌာနဆိုင်ရာများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ကြရာ ကမာရွတ်မြို့နယ်မှ ၂၉၇စောင်၊ ကျောက်တံတားမြို့နယ်မှ ၅၂၅စောင်၊ ကြည့်မြင်တိုင်မြို့နယ်မှ စောင်ရေ ၁၅၀၀၊ စမ်းချောင်း မြို့နယ်မှ၁၆၆စောင်၊ ဆိပ်ကမ်းမြို့နယ်မှ ၁၇၁စောင်၊ ဒဂုံမြို့နယ်မှ ၆၈စောင်၊ ပန်းဘဲတန်းမြို့နယ်မှ ၁၅၅စောင်၊ ဗဟန်းမြို့နယ်မှ ၁၀၀၁စောင်၊ မရမ်းကုန်းမြို့နယ်မှ ၂၉၆၉စောင်၊ လသာမြို့နယ်မှ ၄၅စောင်၊ လမ်းမတော်မြို့နယ်မှ ၇၁၃စောင်၊ လှိုင်မြို့နယ်မှ ၂၄၈၇စောင်နှင့် အလုံမြို့နယ်မှ စောင်ရေ ၈၀၀ စုစုပေါင်း ၁၀၈၉၈စောင်တို့ကို ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက လက်ခံပြီး အသင်းဝင်အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေများ ပေးအပ်ကြရာ ဦးမြတ်ဦး ကဏန်းလုပ်ငန်းရှင်များအသင်း နာယကက ငွေကျပ်သုံးသောင်း၊ မြရွှေစည် လက်ဖက်ရည်ဆိုင် မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးစိုးစိုး ယုဇနလက်ဖက်ရည်ဆိုင်က ငွေကျပ် သုံးသောင်းနှင့် ရွှေပြည်သာမိသားစုက ငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ်တွင် ကျေးရွာနွေစပါးရိတ်သိမ်း တစ်ဧကစပါးတင်း ၁၆၀ကျော်ထွက်ရှိ

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့်အဖွဲ့သည် ဧပြီ ၃ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရေဒလဘောင်ကျေးရွာသို့ သွားရောက်ပြီး နွေစပါးရိတ်သိမ်းခြင်းကို လေ့လာကြသည်။**(အပေါ်ပုံ)**

မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ကြီးကြပ်မှုဖြင့် မြန်မာအောင်တံခွန်အုပ်စု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်တင်ထွန်းက တာဝန်ခံ၍ စပါးစိုက်ခင်းဧက ၁၀၀ခန့် စိုက်ပျိုးခြင်းဖြစ်ပြီး တရုတ်နိုင်ငံ စိုက်ပျိုးရေးပညာရှင်များနှင့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ် တယူခရိုင်မှ စပ်မျိုးစပါးကို ရွှေနံ့သာအမည်ဖြင့် စိုက်ပျိုးခဲ့သည်။ ပုံမှန်စပါးမျိုးစေ့ကြဲရာတွင် တစ်ဧကကို စပါး လေးတင်း ကြဲရသော်လည်း ရွှေနံ့သာစပါးမျိုးစေ့ကို တစ်ဧကလျှင် ၁၀ကီလို(တင်းဝက်ခန့်သာ)ကြဲရသည်။ စပါးပင်များသည် လေးပေကျော် အမြင့်ရှိပြီး အသီးမှည့်သော်လည်း အပင်စိမ်းပြီး စပါးတစ်ပင်နှံပွား ၃၅ခန့်ရှိပြီး စပါးနှံတစ်နှံတွင် ဆန်စေ့ ၂၀၀ကျော် ရှိသည်။ ရွှေနံ့သာစပါးကို ရက်ပေါင်း၁၂၀တွင် ရိတ်သိမ်းနိုင်ပြီး တစ်ဧကလျှင် စပါးတင်း ၁၆၀ကျော် ခန့်ထွက်ရှိကြောင်းနှင့် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီ၍ စားသုံးမှုကောင်းမွန်သော မျိုးစပါးများဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၅ ၈။ ခါသကြိန်အဆိုအကများ
၇း၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **"သောတာပန်စိတ်ထား အင်္ဂါခုနစ်ပါး"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ မေးမြန်းစူးစမ်း
၁၂း၂၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ဖခင်"** (အပိုင်း-၁)
၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ ၆။ ခါသကြိန်အဆိုအကများ
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၁၅ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၄၀ ၁၀။ ခါသကြိန်အဆိုအကများ
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ ဆပ်ကပ်
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ယနေ့ညအတွက် မြဝတီတေးလက်ဆောင်
၂၂။ English Premier League ဘောလုံးပွဲအစီအစဉ် Wigan Athletic Vs Birmingham

ပခုံးပုတ်ပြီးတော့ပြောရဦးမယ်

မန်းပေါက်ပေါက်

"မန်းပေါက်ပေါက်"တို့က မန္တလေးမှာပဲမွေး၊ မန္တလေးမှာပဲ ကြီးပြင်းခဲ့သူပါ။ မန္တလေးမွေးတာမှ မြို့ပေါ်မှာမွေးတာကြောင့် ဝမ်းဗိုက်မှာ နန်းတွင်းပွတ်လုံးတိုင် ရွှေတွေတောင် ကပ်နေတဲ့သူပဲလို့တောင် ငယ်ငယ်က ကြွားမိပါသေးရဲ့။ နာမည်နဲ့လိုက်အောင် ပေါက်ပေါက်မြောက်မြောက်လဲ ရှိသင့်သလောက်ရှိတာမို့ မန္တလေးတစ်ခွင် အပ်ကျတာတောင် သိနိုင်တဲ့အထိ စပ်စပ်စုစုလုပ်တတ်သူလဲ ဖြစ်ပါတယ်။ မကြာမီက မန္တလေးကို နိုင်ငံခြားသားတစ်စုရောက်နေကြပြီး ဟိုနေရာကားတဝီဝီ၊ ဒီနေရာကားတဝီဝီနဲ့ မျက်စိနောက်အောင်မြင်နေရလို့ ပထမတော့ ဒါနိုင်ငံခြားသားတိုးရစ်တွေပဲလို့ မသိလိုက်မသိဘာသာ နေမိတယ်။ ဒါပေမယ့် ဒီတိုးရစ်တွေကျတော့ တစ်မျိုးပါလားလို့ ထင်တော့ထင်မိသား၊ တခြားတိုးရစ်တွေဆိုရင် ဘုရားကြီးသွားချင်သွား၊ မန္တလေး တောင်တက်ချင်တက်၊ ပြင်ဦးလွင်ရှုခင်း ကြည့်ချင်ကြည့်၊ ဈေးချိုမှာ ဈေးဝယ်ချင်ဝယ်တတ်ကြပေမယ့် ဒီတိုးရစ်တွေကျတော့ မန္တလေးတိုင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌတို့၊ အမှုဆောင်တို့နဲ့ တွေ့လိုတွေ့၊ တိုင်းရင်းသားဇနီးမောင်နှံ နှစ်ယောက်ကို လိုက်မေးလိုမေး၊ တရားဥပဒေအရ အရေးယူအပြစ်ပေးခံခဲ့ရတဲ့ ဇာတ်သဘင်နဲ့ စာပေနယ်က လူပုဂ္ဂိုလ်တချို့ကို တကူးတကသွားဆုံလိုဆုံ၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်မယူဘဲ မန္တလေးမြို့ပေါ်က ကျောင်းသားတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ဖိတ်လိုဖိတ်၊ Crash (ကြေမွအက်ကွဲခြင်း)ဆိုတဲ့ ဆင်ဆာခွင့်ပြုချက်မရှိတဲ့ နိုင်ငံရေးရုပ်ရှင်ကို ပြဖို့စီစဉ်လိုစီစဉ်၊ အို-ဟိုနေရာစုစု ဒီနေရာစုစုနဲ့ မျက်စိစပါးမွေးစူးစရာဖြစ်လို့နေရဲ့။

မန်းပေါက်ပေါက်ပဲ ဘာရမလဲ၊ စပ်စပ်စုစု လုပ်ကြည့်တော့ ဒီမျက်နှာဖြူတွေဟာ သာမန်ကမ္ဘာလှည့်ခရီးသည် တိုးရစ်တွေမဟုတ်ဘူး၊ အမေရိကန်သံရုံးက ဝန်ထမ်းတွေတဲ့။ တိတိကျကျပြောရရင် အမေရိကန်သံရုံးက သံရုံးယာယီ တာဝန်ခံ၊ သံရုံးပထမအတွင်းဝန်တို့ အပါအဝင် စစ်သံမှူးနဲ့ သံတမန်တွေ၊ သံရုံးဝန်ထမ်းတွေဖြစ်တယ်ဆိုတာ သိလိုက်ရတယ်။ ဖြစ်ရပ်က ဒီလောက်ပါပဲ၊ ဒီလောက်နဲ့တင် ပြီးလို့တော့ မန်းပေါက်ပေါက်တို့နဲ့ ဘာမှမဆိုင်။ မဆိုင်ရေးချ မဆိုင် မဆိုင်။ ဒါပေမယ့် ၂၀၀၆ ခုနှစ် မတ် ၂ ရက်ညက ဗွီအိုအေဆိုတဲ့ အမေရိကန် အသံနားထောင်မိတော့ အံ့လဲအံ့ဩ၊ ခံလဲ ခံပြင်းမိပါရဲ့၊ ဒီမိုကရေစီဘိုးအေဆိုတဲ့ နိုင်ငံကြီးသားတွေ ဖြောင်လိမ်ဖြောင်စား လုပ်တတ်ပုံကို ပြောပါတယ်။ ဒါကြောင့်လဲ မီဒီယာကို မီဒီယာနဲ့ တုံ့ပြန်ဆိုတဲ့အတိုင်း မရေးမဖြစ် ရေးလိုက်မိတော့တာပဲ။ သူတို့ဘယ်လိုအသံလွှင့်သွားသလဲ ဆိုတာ စပြောမယ်နော်။

"ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးနဲ့ အမေရိကန်စင်တာက ဝန်ထမ်းတွေဟာ ဖေဖော်ဝါရီ ၂၇ ရက်မှာ မန္တလေးမြို့ကို သွားရောက်ပြီး အင်္ဂလိပ်စာ သင်ကြားရေးအတွက် မန္တလေးမြို့က လူငယ်ကျောင်းသားတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ မြန်မာနိုင်ငံက ကျောင်းသူကျောင်းသားတွေ အင်္ဂလိပ်စာ အထောက်အကူရရေးအတွက် သိပ်လိုအပ်နေလို့ သံရုံးယာယီတာဝန်ခံနဲ့အဖွဲ့က မန္တလေးမြို့မှာ ပညာရေးအစီအစဉ်ဆောင်ရွက်ရေးအတွက် သွားရောက်တာဖြစ်ပါတယ်။ ပညာရေးအစီအစဉ်အတွက် အာဏာပိုင်အဖွဲ့အစည်းနဲ့တွေ့ပြီးမှ အလုပ်လုပ်တာ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကို အမည်မသိ အဖွဲ့အစည်းတွေက မန္တလေးမှာ အမေရိကန်တွေခြေရှုပ်နေပြီသတိထားကြစို့လို့ ပစ်စာ တွေဖြန့်ဝေခဲ့တယ်"လို့ အသံလွှင့်လာကြတယ်။

သတင်းလွတ်လပ်ခွင့်ကို တကြော်ကြော်တောင်းဆိုနေတဲ့ အမေရိကန်တွေ အခုတော့ သတင်းအမှန်ကိုထိမ်ချန်ပြီး သတင်းအမှားတွေနဲ့ ကမ္ဘာကိုလိမ်ညာ လှည့်ဖြားနေပါကလား၊ မီဒီယာရဲ့အခြေခံကျင့်ဝတ်ကို ဘွင်းဘွင်းကြီးဖောက်ပြန် ပြနေပါရောကလား။ ဒါကလဲ သိပ်ဆန်းတဲ့ကိစ္စတော့မဟုတ်ပါဘူးလေ၊ အမေရိကန်အစိုးရ အဆက်ဆက်တို့ရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့သဘောထားတွေ၊ ရပ်တည်မှုတွေက ဘယ်တုန်းကများ ရိုးသားဖူးလို့လဲ။

ပါလီမန် ဒီမိုကရေစီခေတ်တုန်းကဆိုရင် အမေရိကန်အစိုးရရဲ့ နှောင်ကြိုးမဲ့ အကူအညီတွေဆိုပြီး ဖို့ဒ်ဖောင်ဒေးရှင်း၊ အာရှဖောင်ဒေးရှင်းအဖွဲ့က စာပေလောက၊ သတင်းစာလောက၊ ကျောင်းသားလောက၊ ဘာသာရေးလောကက လူပုဂ္ဂိုလ်နဲ့ရဟန်းသံဃာတချို့အထိ ထိုးဖောက်စည်းရုံးအသုံးချခဲ့တာ အထင်အရှားပဲမဟုတ်လား။ မန္တလေးတောင်ပေါ်က ပုံနှိပ်တိုက်နဲ့ဂျာနယ်တစ်စောင်ဟာ အမေရိကန်အစိုးရ အလိုကျသတင်းတွေ၊ ဆောင်းပါးတွေ ပုံနှိပ်ဖော်ပြခဲ့ပြီး ကြော်ငြာဝင်ထိုးခဲ့တာ မှတ်မိပါသေးတယ်။ သတင်းစာတချို့မှာလဲ သံရုံးကြော်ငြာတွေ ပိုက်ဆံပေးထည့်ခိုင်းပြီး အမေရိကန်ရဲ့ဆန့်ကျင်ဘက်နိုင်ငံတွေကို ဝေဖန်တဲ့ ဆောင်းပါးတွေ၊ သတင်းတွေရေးခိုင်းခဲ့တယ်လေ။

တော်လှန်ရေးကောင်စီအစိုးရနဲ့ လမ်းစဉ်ပါတီ အစိုးရလက်ထက်တွေမှာလဲ CIA အနွယ်တွေခြေရှုပ်ခဲ့ကြတယ်။ ၁၉၈၈ ဆူပူမှုအရေးအခင်းကာလမှာတော့ အမေရိကန်သံအမတ်တို့၊ ဆီနိတ်တာတို့ အပါအဝင် ပုဂ္ဂိုလ်တချို့ဟာ မြန်မာ့ပြည်တွင်းရေးကို အမျိုးမျိုးစွက်ဖက်ခဲ့တာ အထင်အရှားပါပဲ။ ကုန်ကုန်ပြောရရင်တော့ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့ကနေ ယနေ့အထိ အမေရိကန်အစိုးရဟာ မြန်မာ့ပြည်တွင်းရေးကို ဖိအားပေးစွက်ဖက်ခဲ့တာ တောက်လျှောက်ပဲလို့ပဲဆိုပါစို့။ မန်းပေါက်ပေါက်မှာ ခေတ်အဆက်ဆက် သတင်းစာတွေ စုထားတယ်လေ။ "သတင်းစာများသည် သမိုင်းကိုပြောပြနေကြသည်" ရယ်လို့အဆိုရှိတယ်မဟုတ်လား။ ခေတ်အဆက် ဆက်သတင်းစာတွေကို မန္တလေးတက္ကသိုလ်စာကြည့်တိုက်တို့၊ ရန်ကုန်က အမျိုးသား စာကြည့်တိုက်တို့မှာ သွားဖတ်ကြည့်ရင် သင်ခန်းစာယူစရာတွေ၊ ခံပြင်းစရာတွေ အများကြီးတွေ့ရမှာပါ။

အမေရိကန်စင်တာဆိုလို့ မန်းပေါက်ပေါက်သိသမျှပြောရဦးမယ်၊ အမေရိကန်သံရုံးမှာ အရင်တုန်းကတော့ U.S.I.S ဆိုတဲ့ အမေရိကန်ပြန်ကြားရေးဌာနဆိုတာ ရှိတယ်လေ။ အဲဒီကနေဝါဒဖြန့် စာအုပ်တွေ အများကြီး စီစဉ်ထုတ်ဝေတာပေါ့။ သူတို့သံရုံးနာမည်နဲ့ မဟုတ်ဘဲ ပုဂ္ဂလိကစာအုပ်တိုက်တချို့ကို ငွေပေးစည်းရုံးပြီး သံရုံးဝါဒဖြန့်စာအုပ်တွေကို ထုတ်ခိုင်းတာလဲရှိသေးတယ်။ ဘယ်သူတွေနဲ့ ဘယ်စာအုပ်တိုက်တွေဆိုတာကတော့ မြန်မာစာပေလောကက ရှေးမီနောက်မီ ပုဂ္ဂိုလ်တွေကောင်းကောင်းကြီးသိကြပါတယ်။ U.S.I.S ဆိုတဲ့ စာကြည့်တိုက်လဲဖွင့်သေးတယ်၊ စာကြည့်တိုက်အယောင်ပြပြီး အမေရိကန်ကို အထင်ကြီးအောင်စည်းရုံးတာပါပဲ။ အခုတော့ U.S.I.S ကနေ အမေရိကန်စင်တာဖြစ်လာတယ်၊ တကယ်တော့ ဘာဘူကြီးနဲ့အရာကြီးပါပဲ။

ရည်ရွယ်ချက်က အတူတူပါပဲ။ အမေရိကန်စင်တာမှာ စာကြည့်တိုက်လဲ ထားတယ်၊ နောက်ပြီး ရုပ်ရှင်လဲအပတ်စဉ်လိုလိုပြတယ်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲကို ဘယ်လိုဒီမိုကရေစီကျကျ၊ တရားမျှမျှတတရွေးချယ်တယ်ဆိုတဲ့ သတင်းကားမျိုးတွေကအစ အမေရိကန်လူနေမှုဘဝ တိုးတက်ကြီးပွားနေပုံမျိုး သွားရည်ကျစရာပြကွက်တွေ အလယ် Crash (ကြေမွအက်ကွဲခြင်း)လို နိုင်ငံရေးရုပ်ရှင်တွေအထိ ပြတတ်တယ်။ အမေရိကန်စင်တာမှ အင်္ဂလိပ်စာသင်ကြားရေး အစီအစဉ်တွေလဲရှိတယ်။ ယနေ့ခေတ် မြန်မာလူငယ် ကျောင်းသားတွေဟာ နိုင်ငံခြားဘာသာစကားတွေကို လေ့လာလိုက်စားတဲ့နေရာမှာ အတော့်ကိုအားကျစရာကောင်းပါတယ်။ တရုတ်ဘာသာစကား၊ ဂျပန်ဘာသာစကား၊ ရုရှားဘာသာစကားတွေအပြင် အခုအခါ ဂျာမန်တို့၊ စပိန်တို့၊ ကိုရီးယားတို့၊ ထိုင်းတို့လို ဘာသာစကားတွေကိုပါ အင်တိုက်အားတိုက်လေ့လာ လိုက်စားနေကြတာ ဂုဏ်ယူစရာကြီးပါ။ အဲဒီအထဲမှာ အင်္ဂလိပ်ဘာသာစကားလဲ တစ်ခုအပါအဝင်ပေါ့။ အင်္ဂလိပ်ဘာသာစကားဆိုတာကလဲ ခုခေတ်မှာ အင်္ဂလိပ်လူမျိုးတစ်မျိုးတည်းပိုင်တဲ့ ဘာသာစကား မဟုတ်တော့ဘူးလေ။ English is not a British language အင်္ဂလိပ်ဘာသာစကားဟာ ဗြိတိသျှလူမျိုးတွေရဲ့ ဘာသာစကား မဟုတ်တော့ဘူး၊ နိုင်ငံတကာ ဘာသာစကား International Language ဖြစ်နေပြီ။ အင်္ဂလိပ်ဘာသာစကားကို ကြားခံ အဖြစ်သုံးပြီး လူမျိုးအသီးသီး တစ်မျိုးနဲ့တစ်မျိုး ဆက်သွယ်ပြောဆိုကြတဲ့ ဆက်သွယ်ရေးဘာသာ စကားဖြစ်နေပြီလေ။ ဒါကို အကွက်မြင်တဲ့ အမေရိကန်စင်တာက အင်္ဂလိပ်စာ သင်ကြားရေးသင်တန်းတွေ ဖွင့်လှစ်ပြီး စည်းရုံးရေးလုပ်တာမဆန်းပါဘူး၊ ဒါကတော့ တစ်ပိုင်းပါ။ ထားပါတော့၊ ခုနောက်ပိုင်းဖွင့်တဲ့ English for Journalism သတင်းစာပညာ အင်္ဂလိပ်စာဆိုတဲ့ သင်တန်းမျိုးကတော့ မြန်မာစာနယ်ဇင်းလောက ပုဂ္ဂိုလ်ငယ်လေးအချို့ကို သကာရည်အုပ်ထားတဲ့ ဆေးခါးကြီးတိုက်နေသလိုဖြစ်တဲ့အတွက် မီဒီယာအဆိပ်အတောက်လို့ ခေါ်နိုင်ပါတယ်။ ဒီသင်တန်းကို မနက်ပိုင်းမှာဖွင့်တယ်။ မနက်ပိုင်းမအားတဲ့သူတွေအတွက် ညနေပိုင်းသင်တန်းဖွင့်ပေးနေတယ်။ အထူးသဖြင့် စာနယ်ဇင်းလောကကို ခုမှဝင်ရောက်ခါစဖြစ်တဲ့"အဖြူထည်" စာနယ်ဇင်းသမားငယ်လေးတွေကို သူတို့ကြိုက်သလိုအရောင်ဆိုးဖို့ ရည်ရွယ်စည်းရုံးတဲ့ သင်တန်းပါပဲ။

လူငယ်ဆိုတာကတော့ ပွင့်လင်းတယ်၊ အရာရာကို စူးစမ်းသိရှိလိုစိတ်ပြင်းပြတယ်၊ မတရားမှုကိုမကြိုက်ဘူး၊ ဟန်ဆောင်ပန်ဆောင်မရှိတတ်ဘူး၊ စိတ်ရောကိုယ်ပါ တက်ကြွလန်းဆန်းနေကြတဲ့သူတွေချည်းပဲ။ ပြန်ကြားရေးဝန်ကြီးဌာနကလဲ မဂ္ဂဇင်း၊ ဂျာနယ် လုပ်ချင်သူတိုင်းလိုလို မဂ္ဂဇင်း၊ ဂျာနယ်တွေ လွတ်လွတ်လပ်လပ်လုပ်နိုင်ဖို့ ခွင့်ပြုချက်ချမှတ်ပေးလို့ ခုဆိုမြန်မာနိုင်ငံမှာ မဂ္ဂဇင်း၊ ဂျာနယ်တွေ နှစ်ရာကျော်လောက် အပြိုင်အဆိုင် ထုတ်ဝေနေတာ စာနယ်ဇင်းယိမ်းကနေသလိုကြည့်ကြည့်လို့ကောင်းသေးတော့၊ ဒီလောက်မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ပျော်ရွှင်ရွှင် များများစားစား စာနယ်ဇင်း ရွှေခေတ်ရောက်နေတာ အရင်ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ စာနယ်ဇင်းတွေကများတော့ အယ်ဒီတာတွေ၊ သတင်းထောက်တွေလဲ အများကြီးလိုအပ်လာ တာပေါ့။ သူတို့လို သင်ကြားပြသမယ့် စာနယ်ဇင်းပညာသင်တန်း ဆိုတာကလဲ မရှိတော့ စာနယ်ဇင်းပညာ သင်ယူချင်သူလေးတွေဟာ စာနယ်ဇင်းပညာ အကြောင်းရေးသမျှ စာအုပ်တွေဖတ်၊ ဝါရင့်သတင်းစာဆရာကြီးတွေဆီက မေးမြန်းသိရှိသမျှတွေ နာယူရုံလောက်နဲ့ပဲ စမ်းတဝါးဝါး လုပ်ကိုင်နေကြရ ရှာပါတယ်။ "မှဆိုးစိုင်သင်"ဆိုသလို ဒီလိုပဲ လုပ်ရင်းကိုင်ရင်းနဲ့ တတ်မြောက်လာကြမှာတော့ သေချာပါတယ်။ အဲဒီအချိန်မှာ အမေရိကန်စင်တာက "သတင်းစာပညာအင်္ဂလိပ်စာ" ဆိုတဲ့ သင်တန်းမျိုးဖွင့်တော့ ရေတတ်တုန်းရေတွင်းထဲကျသွားကြတာပေါ့။ ပညာဆိုတာက ဘာပညာသင်သင်ကောင်းတာပါပဲ။ ဒါပေမယ့် ရည်ရွယ်ချက်တွေ သွေဖည်ပြီး အဖြူကို အရောင်ဆိုးတာများ ကျတော့လဲ အန္တရာယ်ကမသေးလှဘူး။ "မန်းပေါက်ပေါက်" သိသမျှ အမေရိကန်စင်တာ သတင်းစာသင်တန်းဆင်းပြီးသူ ခုဆိုတစ်ရာကျော်လောက် ရှိတော့မယ်။ သူတို့အသီးသီးဟာ ဂျာနယ်၊ မဂ္ဂဇင်းအသီးသီးမှာ အခုတာဝန်ယူလုပ်ကိုင်နေကြတဲ့ သတင်းသမားတွေပဲ။ "မန်းပေါက်ပေါက်" နဲ့ ဆွေလိုမျိုးလို ခင်မင်ရင်းနှီးတဲ့ စာနယ်ဇင်းသမား လူငယ်တော်တော်များများရှိတယ်။ သူတို့အထဲက အမေရိကန်စင်တာသင်တန်းဆင်းတချို့ကို ပွင့်ပွင့်လင်းလင်း မေးကြည့်တယ်။ " ဒီသင်တန်းဆင်းပြီးတဲ့အခါ မင်းတို့တော်တော်ပဲ အင်္ဂလိပ်စာရေးတတ်လာသလားလို့" သူတို့အားလုံးခေါင်းခါကြတယ်။ စာဖတ်သူတို့ စိတ်ဝင်စားရင် အဲဒီသင်တန်းဆင်းပုဂ္ဂိုလ်တွေကို လက်တွေ့စမ်းသပ်အင်တာဗျူးလုပ်ကြည့်နိုင်ပါတယ်။ သတင်းတစ်ပုဒ်ကို အင်္ဂလိပ်ဘာသာစကားနဲ့ လိုရင်းတိုရှင်း ရေးပြနိုင်ကြပါသလားလို့။ ဒါဖြင့်ရင် အမေရိကန်ဆရာတွေက သုံးလလောက်ကြာ အချိန်ကုန်ခံပြီး ဘာတွေသင်နေသလဲလို့ ထပ်မေးကြည့်စမ်းပါ။ စာနယ်ဇင်းကျင့်ဝတ် (Journalists' Ethics)တွေသင်သလား၊ Journalists' Writing ခေါ်တဲ့ လိုရင်းတိုရှင်း သတင်းအရေးအသားရော သင်သလား။ တကယ်တော့ သတင်းကနည်းနည်း၊ ဆရာတွေက သူတို့သိချင်တဲ့သတင်း တော်တော်များများကို နှိုက်ထုတ်ယူသွားကြတာများပါတယ်။ မြန်မာပြည်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကို ရေးခိုင်းပြီး သူတို့လိုချင်တဲ့ သတင်းအချက်အလက်တွေကို ကုတ်ကတ်အပြတ်ယူသွားကြတာပါပဲ။ ရိုးရိုးသားသား ဖြူဖြူစင်စင် မြန်မာ သတင်းသမားလေးတွေကတော့ အဲဒီလိုပညာသားပါပါနဲ့ အမြတ်ထုတ် ဦးနှောက်ဖောက်စားသွားတာ ရိပ်မိချင်မှရိပ်မိပါမယ်။ ဒီသင်တန်းဆင်းတွေထဲကမှ သူတို့နဲ့ပိုအလွမ်းသင့်သူ (သူတို့ခိုင်းတိုင်းရမယ့်သူ)တွေကို ရွေးထုတ်ပြီး ထိုင်းနိုင်ငံ တစ်ပတ်လွှတ်လိုက်၊ ကမ္ဘောဒီးယား တစ်လသွားခိုင်းလိုက် စသဖြင့် လှည့်ပတ်ပို့ပေးပြီး စည်းရုံးနေကြပါတယ်။ မြန်မာလူငယ် ဆရာကြီး သုံးလေးယောက်ကိုလဲ အမေရိကတို့၊ ဘာတို့ လေးငါးခေါက်လွှတ်ပြီး အကြိုက်ပေး တပည့်မွေးထားလေတော့ သူတို့က တစ်ဆင့်သူတို့ တပည့်တွေကို စည်းရုံးလို့ရတာပေါ့။ သံရုံးတချို့နှင့် နိုင်ငံတကာ အဖွဲ့အစည်းတချို့မှာ ဝန်ထမ်းလုပ်နေတဲ့ မြန်မာတိုင်းရင်းသားဒေါ်လာစား တော်တော်များများဟာလဲ ဥပဒေတစ်ခုခုနဲ့ ငြိစွန်းလို့ အပြစ်ဒဏ်ချမှတ်ခြင်းခံရတဲ့သူတွေ၊ အစိုးရအလုပ်က ထုတ်ပစ်ခြင်း ခံရသူတွေနဲ့ သူတို့ရဲ့သားသမီးအဆက်အနွယ်တွေကိုသာ ဦးစားပေးအလုပ်ခန့်ထားကြသူတွေမို့လို့ မီဒီယာတချို့နဲ့ သတင်းပေး၊ သတင်းယူ အလွမ်းသင့်နေကြတဲ့ သူတွေဆိုတာ ထင်ရှားပါတယ်။

အခုလဲ သံတမန်ကျင့်ဝတ်ကို ဖောက်ဖျက်ပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေကြတဲ့ အမေရိကန်သံရုံး သံတမန်တွေနဲ့ သံရုံးဝန်ထမ်းတွေကို "မန်းပေါက်ပေါက်"တို့ မန္တလေးသူ၊ မန္တလေးသားတွေက ကန့်ကွက်စာတွေ၊ သတိပေးစာတွေ ဖြန့်ဝေနေခြင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်လို့ "မန်းပေါက်ပေါက်" တို့တော့ လက်ခမောင်းခတ်ပြီး ကြိုဆိုထောက်ခံရကြောင်းပါဗျာ။ ။

သတင်းလွတ်လပ်ခွင့်ကို တကြော်ကြော်တောင်းဆိုနေတဲ့ အမေရိကန်တွေ အခုတော့ သတင်းအမှန်ကိုထိမ်ချန်ပြီး သတင်းအမှားတွေနဲ့ ကမ္ဘာကိုလိမ်ညာ လှည့်ဖြားနေပါကလား၊ မီဒီယာရဲ့အခြေခံကျင့်ဝတ်ကို ဘွင်းဘွင်းကြီးဖောက်ပြန် ပြနေပါရောကလား။ ဒါကလဲ သိပ်ဆန်းတဲ့ကိစ္စတော့မဟုတ်ပါဘူးလေ၊ အမေရိကန်အစိုးရ အဆက်ဆက်တို့ရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သဘောထားတွေ၊ ရပ်တည်မှုတွေက ဘယ်တုန်းကများ ရိုးသားဖူးလို့လဲ။

ရာသီဥတု ပြောင်းလဲလာမှုကြောင့် တောင်ဝင်ရိုးစွန်းမှ ငှက်များသားဖောက်နောက်ကျလာ

ပါရီ ဧပြီ ၆

ရာသီဥတု ပြောင်းလဲမှုကြောင့် တောင်ဝင်ရိုးစွန်းမှ ပင်လယ်ငှက်များသည် သားဖောက်ချိန်နောက်ကျကောင်း နောက်ကျနိုင်သည်ဟု ပြင်သစ်သိပ္ပံပညာရှင်တစ်စု၏ လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

၁၉၅၀ပြည့်လွန်နှစ်များမှစ၍ မျက်မှောက်ကာလအထိ မှတ်တမ်းများကို ပညာရှင်များက လေ့လာဆန်းစစ်ပြီး၊ ငှက်များသားဖောက်ချိန် နောက်ကျခြင်းမှာ အန္တာတိတ်ပင်လယ်ရေခဲများအတွင်း ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်နေသည်ဟု ကောက်ချက်ချသည်။

ပင်ဂွင်းငှက်များကို တွေ့ရစဉ်။

ဖော်ပြထား

၁၉၅၀ပြည့်လွန်နှစ်များကထက် စာလျှင် ယခုအခါ ငှက်မျိုးစိတ်များ ထိုနေရာ ထိုဒေသသို့ လာရောက်အောင်းခိုခြင်းမှာ ပျမ်းမျှ ကိုးရက် နောက်ကျပြီး၊ ဥများဥချခြင်းတွင် ပျမ်းမျှနှစ်ရက် နောက်ကျသည်ဆို၏။ အသေးစိတ် သုတေသနပြုချက်များကို အမျိုးသား အကယ်ဒမီသိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်။

တွေ့ရှိရ

တောင်ဝင်ရိုးစွန်း အန္တာတိတ်ဒေသ သုတေသနဌာနမှ သိပ္ပံပညာရှင်များက ငှက်မျိုးစိတ် ကိုးခုတို့အကြောင်းကို ၁၉၅၀ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အတွင်း အချက်အလက်များမှ သုတေသနပြု လေ့လာရာတွင် ငှက်မျိုးစိတ်လေးစုက တောင်ဝင်ရိုးစွန်းသို့ နောက်ကျရောက်လာတတ်ကြောင်းနှင့် ငှက်မျိုးစိတ်နှစ်စုက သားဖောက်နောက်ကျကြောင်း တွေ့ရှိရသည်ဆို၏။ အခြားသော ငှက်မျိုးစိတ်များတွင် အများစုက နောက်ကျရောက်လာပြီး၊နောက်ကျမှ သားဖောက်ကြောင်း တွေ့ရပြန်သည်။

(အင်တာနက်)

တရုတ်နိုင်ငံ၌ ရေနက်ဆိပ်ကမ်းတည်ဆောက်

ပေကျင်း ဧပြီ ၇

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ကမ်းရိုးတန်းတွင် ရှန်ရန်းရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို တရုတ်ပြည်သူများ ဧပြီ ၆ရက်က လာရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

အကြီးမားဆုံး

ရှန်ရန်းရေနက်ဆိပ်ကမ်းကို ၂၀၂၀ပြည့်နှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ ယင်းဆိပ်ကမ်းကြီး ပြီးစီးသွားပါက ကမ္ဘာတွင် အကြီးမားဆုံးဆိပ်ကမ်းကြီး ဖြစ်လာမည်ဖြစ်သည်။

ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့်မှာ ပြီးသွားပြီဖြစ်သောကြောင့် နို၀င်ဘာလမှစတင်၍ ကုန်တင်သင်္ဘောကြီး ဝင်ထွက်သွားလာနိုင်ပြီဖြစ်သည်။

(အင်တာနက်)

ရုရှားလုပ် စစ်ဘက်ရဟတ်ယာဉ်များ ဗင်နီဇွဲလားနိုင်ငံဝယ်ယူအားဖြည့်လျက်ရှိ

ကရာကပ် ဧပြီ ၇

ဗင်နီဇွဲလားနိုင်ငံက မှာယူထားသည့် ရုရှားစစ်ဘက်ရဟတ်ယာဉ် ၁၅စင်းအနက် ပထမသုတ်အနေဖြင့် ရုရှားစစ်ဘက်ရဟတ်ယာဉ်သုံးစင်း ရောက်ရှိလာပြီဖြစ်သည်။(အောက်ပုံ)

၎င်းရုရှားစစ်ဘက်ရဟတ်ယာဉ်များက အမေရိကန်တို့ ကျူးကျော်လာလျှင် ဗင်နီဇွဲလားနိုင်ငံကို ကာကွယ်ရာတွင် အထောက်အကူဖြစ်စေလိမ့်မည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်က ပြောကြားလိုက်မည်။

ရုရှားလုပ် ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန်လည်း သူပြင်ဆင်ထားကြောင်း သမ္မတဟူဂိုချာဗက်စ်က ထည့်သွင်း ပြောကြားလိုက်သည်။

ကြေညာ

ဗင်နီဇွဲလားနိုင်ငံကို မိမိတို့ ကျူးကျော်နိုင်သည်ဆိုခြင်းမှာ မဖြစ်နိုင်ကြောင်း၊ ဗင်နီဇွဲလားသမ္မတ ချာဗက်စ်၏ စစ်လက်နက်ပစ္စည်းများ ဝယ်ယူနေခြင်းမှာ ဒေသတည်ငြိမ်ရေးကို ခြိမ်းခြောက်နေသည်ဟု အမေရိကန် အစိုးရက ကြေညာသည်။

ရုရှားနိုင်ငံမှ ရဟတ်ယာဉ်စုစုပေါင်း ၃၃ စင်းဝယ်ယူရန် ဗင်နီဇွဲလားနိုင်ငံက စီစဉ်ထားသည်ဟုလည်း ဗင်နီဇွဲလား ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရော်ဘာဒူးယယ်က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိပ်တန်းအစားအစာကုမ္ပဏီများကြောင့် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်ခဲ့

လန်ဒန် ဧပြီ ၇

ကမ္ဘာ့ထိပ်တန်း အစားအစာကုမ္ပဏီပေါင်းများစွာသည် တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးရောင်းချနေသည့် အစားအစာများတွင် ဆား၊ အဆီနှင့် သကြားကို လုံလုံလောက်လောက် ဖြတ်တောက်မှုမရှိသဖြင့် အစားအစာနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများရှိလာကြောင်း ဧပြီ ၄ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြပါရှိသည်။

တုံ့ပြန်

ယင်းသို့ ထုတ်ပြန်ရခြင်းမှာ ထိပ်တန်းကုမ္ပဏီ ၂၅ခုက ၎င်းတို့သည် သတင်းများ ရင်ဆိုင်ရမှသာလျှင် ၎င်းတို့၏နည်းလမ်းများကို ပြောင်းလဲမည်ဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့ခြင်းကြောင့်ဖြစ်သည်။

သုံးသပ်တင်ပြ

လန်ဒန်စီးတီးတက္ကသိုလ်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် အဝလွန်မှုများ၊ နှလုံးရောဂါများနှင့် ဆီးချိုရောဂါများကို ဖြေရှင်းရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူ အိတ်ချ်အို)က ၂၀၀၄ခုနှစ်ကို သတ်မှတ်ရည်မှန်းထားမှုအပေါ် ကုမ္ပဏီများက မည်သို့တုံ့ပြန်သည်ကို သုံးသပ်တင်ပြထားသည်။

နှစ်စဉ်လေ့လာ

လေ့လာရေးအဖွဲ့သည် အစားအစာထုတ်လုပ်သည့် ထိပ်တန်းကုမ္ပဏီ ၁၀ခု၊ အစားအစာ လက်လီဖြန့်ချိသည့် ထိပ်တန်းအရောင်းဌာန ၁၀၃ခုနှင့် ထိပ်တန်းအစားအစာ လုပ်ငန်းကုမ္ပဏီငါးခုကို နှစ်စဉ်လေ့လာခဲ့ခြင်းဖြစ်သည်။

လေ့လာချက်များအရ ကုမ္ပဏီ၂၅ခုအနက် ၁၀ခုသာလျှင် ဆားထည့်နှုန်းလျှော့ချခဲ့ပြီး ငါးခုကလည်း သကြားလျှော့ထည့်ကြကာ ကုမ္ပဏီလေးခုကမူ အဆီလျှော့ထည့်သည်ကို တွေ့ရှိရသည်။ ကရက်ဖ်နှင့်မက်ဒေါနယ်လ် ကုမ္ပဏီနှစ်ခုကမူ အရွယ်အစား အချိုးအစားအလိုက် လျှော့ချရန်စီစဉ်ထားကြောင်း တွေ့ရှိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အသက် ၇၅နှစ်ရှိ ဂျပန်အမျိုးသမီးကြီး ဧဝရက်တောင်တက်ရန် နီပေါနိုင်ငံသို့ ရောက်ရှိလာ

ခတ္တမန္ဒူ ဧပြီ ၆

နီပေါနိုင်ငံသား တောင်တက်သမား အပါရှာပါဆိုသူသည် ဧဝရက်တောင်ကို (၁၆)ကြိမ်မြောက်တက်ရောက်ကာ ၎င်း၏ကိုယ်ပိုင်စံချိန်ကို ချိုးလိုက်ကြောင်း နီပေါတောင်တက်အသင်းဥက္ကဋ္ဌက ဧပြီ၅ရက်တွင် ပြောကြားသည်။

ယခုနှစ်တွင် နီပေါနိုင်ငံဘက်မှနေ၍ ဧဝရက်တောင်ထိပ်သို့ ကျော်ကြားသည့် တောင်တက်သမားအချို့ ကြိုးပမ်းတက်ရောက်မည်ကို ထပ်မံတွေ့ရှိရဦးမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ အင်တရှာရင်ရှာပါက ပြောကြားသည်။ ဧဝရက်တောင်သို့တက်ရောက်ခဲ့သည့် ပထမဆုံးအမျိုးသမီးဖြစ်သူ ဂျန်ကိုတာဘဲလ်ကလည်း ၈၁၆၃မီတာ အမြင့်ရှိသည့် မာနာဆလူတောင်ကို သူမအနေဖြင့် ပထမဆုံး တက်ရောက်ဦးမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ပြောကြားသည်။

မေ၉ရက်တွင် ဧဝရက်တောင်၏ ရွှေရတုအချိန်အခါကျရောက်မည်ဖြစ်ပြီး အသက်၆၇နှစ်ရှိ ဂျပန်တောင်တက်သမားကြီး တာဘေးသည် ခတ္တမန္ဒူသို့ ဧပြီ၁၅ရက်၌ ရောက်ရှိလာမည်ဟု မျှော်လင့်ရသည်။ အလားတူပင် အသက်၇၅နှစ်ရှိ ဂျပန်အမျိုးသမီး တိုရှီကိုယူချီဒါသည်လည်း ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်သို့ တက်ရောက်ရန် ရည်ရွယ်ချက်ဖြင့် ဧပြီ၄ရက်က အာဆေးစခန်းသို့ ရောက်ရှိလာခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

စက်မှုထိပ်သီးရှစ်နိုင်ငံ အစည်းအဝေးတက်ရောက်ရန် ဘရာဇီးသမ္မတအား ရုရှားသမ္မတ ဖိတ်ကြား

ရုရှားသမ္မတ ဗလာဒီမာပူတင်

ဘရာဆီးလီးယား ဧပြီ ၇

ရုရှားသမ္မတ ဗလာဒီမာပူတင်က စိန့်ပီတာစဘတ်မြို့၌ ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် စက်မှု ထိပ်သီးရှစ်နိုင်ငံ (ဂျီ–၈) အစည်းအဝေးသို့ တက်ရောက်ပါရန် ဘရာဇီးသမ္မတ လူလာဒီဆီးလ်ဗား အား ဖိတ်ကြားလိုက်သည်။

ပြောကြား

သမ္မတပူတင်၏ ဖိတ်ကြားစာကို ဘရာဇီးနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ရုရှားဝန်ကြီးချုပ် မီးခေးလ်ပရာကော့ဗ်က ဘရာဇီးသမ္မတ လူလာထံသို့ အင်္ဂါနေ့က ပေးအပ်လိုက်သည်ဟု ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြ

လာမည့်(ဂျီ–၈) ထိပ်သီးအစည်းအဝေးအစီအစဉ်တွင် နိုင်ငံတကာ စွမ်းအင်လုံခြုံရေး၊ ကူးစက်ရောဂါများ တားဆီးကာကွယ်ရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းအရာများ ပါဝင်ကြောင်း ရုရှားသမ္မတ ပူတင်၏ စာတွင် ဖော်ပြထားသည်။

၂၀၀၆ ခုနှစ်တွင် ထုတ်ပြန်မည့် စက်မှုထိပ်သီးရှစ်နိုင်ငံ (ဂျီ–၈) အစီအစဉ်ရေးဆွဲရာတွင် ဘရာဇီးနိုင်ငံက အကူအညီပေးနိုင်မည်ဟု ယုံကြည်ကြောင်း သမ္မတပူတင်က ရေးသားထားသည်။ ဘရာဇီးသမ္မတ လူလာဒီဆီးလ်ဗားက (ဂျီ–၈)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရုရှားသမ္မတပူတင်က ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ထိုကိစ္စကို သူအလေးအနက် စဉ်းစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးတွင် မြူများ ထူထပ်စွာကျဆင်းခဲ့မှုကြောင့် ကုန်တင်ယာဉ်များ တိုက်မိနေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါတိုက်ဖျက်ရေး ကမ္ဘာ့ ချမ်းသာသောနိုင်ငံများ တုံ့ပြန်မှုနှေးကွေး

မက်ဒရစ် ဧပြီ ၇

ကမ္ဘာ့ချမ်းသာသောနိုင်ငံများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးတွင် ဒေါ်လာ ၃ဗိသန်းသာ ထည့်ဝင်ပြီး တုံ့ပြန်မှုနှေးကွေး လျက်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ကြာသပတေးနေ့တွင် ကြေညာသည်။

ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးတွင် ရန်ပုံငွေ ဒေါ်လာ ၁၁၃သမ ၉ ဘီလီယံ လိုအပ်ကြောင်း၊ သို့သော် ကြက်ငှက်တုပ်ကွေးရောဂါ ရုရှားနိုင်ငံသို့ ပျံ့နှံ့ရောက်ရှိလာမှသာလျှင် ချမ်းသာသောနိုင်ငံများက အရေးတယူ ပြုလာကြခြင်းဖြစ်ကြောင်း အက်ဖ်အေအိုအကြီးအကဲ ဂျက်ဒါ၀တ်က ပြောကြားသည်။

များစွာနောက်ကျ

အရှေ့တောင်အာရှ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားစဉ်က ချမ်းသာသော နိုင်ငံများက အရေးတယူ ဝင်ရောက်တားဆီးမည်ဆိုလျှင် ကြက်ငှက်တုပ်ကွေးရောဂါ ခေါင်းထောင်လာနိုင်ဖွယ်မရှိကြောင်း၊ မိမိတို့အဖွဲ့မှ ဝန်ထမ်းများအနေဖြင့် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့်တကွ ဒေသတွင်းရှိ အခြားခုနစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ဟန့်တားတိုက်ဖျက်ရေး ကြိုးပမ်းနေသော်လည်း များစွာနောက်ကျသွားပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်–ရုရှားသိပ္ပံနှင့်နည်းပညာပြပွဲ တရုတ်၌ကျင်းပမည်

ဟိုဟော့ ဧပြီ ၇

တတိယအကြိမ် တရုတ်နှင့် ရုရှားသိပ္ပံနှင့် နည်းပညာပြပွဲနှင့် အဆင့်မြင့်နည်းပညာထုတ်ကုန်ပြပွဲကို တရုတ်ပြည်မြောက်ပိုင်းအတွင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသရှိ မန်ကျိုးလီမြို့တွင် ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။

စုစည်းပြသ

၎င်းပြပွဲက သတင်းအချက်အလက် နည်းပညာ၊ ထုတ်ကုန်ပစ္စည်း အသစ်အဆန်းများနှင့် လယ်ယာစိုက်ပျိုးရေးကဲ့သို့သော ဒေသတွင်း ထုတ်ကုန်ပစ္စည်း အမျိုးအမည်အများအပြားကို စုစည်းပြသနိုင်သည့် စင်မြင့်ဖြစ်ကြောင်း မြို့တော်ဝန်မစ္စတာရန်က ပြောကြားလိုက်သည်။

၎င်းပြပွဲ၌ မြေဧရိယာ စတုရန်းမီတာ ၂၀၀၀၀ကေတွင် ပြခန်းပေါင်း ၁၀၀၀ကျော် ခင်းကျင်းပြသမည်ဟုလည်း မြို့တော်ဝန်မစ္စတာရန်က ပြောကြားသည်။

တရုတ်နိုင်ငံ ရုရှား၊ မွန်ဂိုလီးယား၊ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ အဆင့်မြင့်နည်းပညာကုမ္ပဏီများ၊ ကောလိပ်များနှင့် သုတေသနသိပ္ပံများမှ ပညာရှင်ကိုယ်စားလှယ်များ တက်ရောက်မည်ဟုသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အေဒီ ၉၀၇မှ တရုတ်ကြွေအိုးများ

ဂျာဗားပင်လယ်အတွင်း လွန်ခဲ့သော အနှစ် ၁၀၀၀ကျော်က နစ်မြုပ်ခဲ့သော ရှေးဟောင်း ကုန်တင်သင်္ဘော တစ်စင်းမှ ရရှိခဲ့သည့် အေဒီ ၉၀၇ မှ အေဒီ ၉၆၀ ခန့်က တရုတ်မင်းဆက် ငါးဆက် ခေတ်ကာလက ရှားပါး ကြွေထည်အိုးများကို တွေ့ရခြင်းဖြစ်သည်။ (ဓာတ်ပုံ–အင်တာနက်)



ဒေါ်လာ ၁၅သန်းကျော်တန် ပီကာဆိုပန်းချီကား

ဟောင်ကောင်ရှိ ပန်းချီပြခန်း တစ်ခု၌ ပြသထားသော ကမ္ဘာကျော် ပန်းချီဆရာကြီး ပါဘလိုပီကာဆို ရေးဆွဲခဲ့သော ပန်းချီကားကို မိန်းကလေးတစ်ဦးက လေ့လာနေခြင်းဖြစ်သည်။ (ဝဲပုံ)

ယင်းပန်းချီကားမှာ ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၁၅သန်းမှ သန်း ၂၀ အကြား ဈေးရရှိရန်ခန့်မှန်းထားကြောင်း သိရသည်။ အာရှမှ အနုပညာလက်ရာဝယ်ယူသူများသည် အာရှဒေသတွင် သာမက ကမ္ဘာတွင်ပါ တန်ဖိုးကြီးမားသော ပန်းချီကားများကို ဝယ်ယူစုဆောင်းလာကြောင်း သိရသည်။ **(ဓာတ်ပုံ–အင်တာနက်)**

ဦးချိုလေးချောင်းပါသိုး

တရုတ်နိုင်ငံအနောက်တောင်ပိုင်း အယ်လ်တေးစီရင်စုရှိ လယ်ကွင်းတစ်ခု၌ ဦးချိုလေးချောင်းပါ ထူးဆန်းသည့် သိုးတစ်ကောင်ကို ဧပြီ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

✻ ရှေ့ဖုံးမှ

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Southeast Asia Regional Director လာရောက်တွေ့ဆုံ

ရန်ကုန် ဧပြီ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Shin Satellite Public Company Limited မှ Southeast Asia Regional Director Mr.Nuthapong Temsiripong သည် ညနေ ၃ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ဆီးအိတ်ဝေဒနာရှင်များအတွက် အောင်မြင်စွာ ခွဲစိတ်အစားထိုးကုသ

ဆီးအိတ်ရောဂါဝေဒနာရှင်များအား ၎င်းတို့ကိုယ်ခန္ဓာမှ ကလာပ်စည်းများဖြင့်ပင် စမ်းသပ်ခန်းအတွင်း စီမံပေးလိုက်သည့် ဆီးအိတ်များဖြင့် အမေရိကန် သိပ္ပံပညာရှင်များက အောင်မြင်စွာခွဲစိတ်အစားထိုးကုသပေးလိုက်သည်။

မြောက်ကာရိုလိုင်းနားပြည်နယ် ဝိတ်ဖောရက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ထိုနည်းဖြင့်အစားထိုးကုသမှုခုနစ်ကြိမ်ဆောင်ရွက်ပေးသည်။ အစားထိုးကုသမှုအချို့တွင် ထိုအင်္ဂါအစိတ်အပိုင်းသည် ကောင်းစွာလည်ပတ်အလုပ်လုပ်နေပြီဖြစ်သည်။

ဝိတ်ဖောရက်တက္ကသိုလ်မှ ပညာရှင်များက မွေးရာပါဆီးအိတ်ရောဂါဖြစ်သူ လူငယ်ခုနစ်ဦးကို ယင်းသို့အစားထိုးခွဲစိတ်ကုသပေးလိုက်ခြင်းဖြစ်သည်။

ဆီးအိတ်ရောဂါသည် ဆီးအိတ်ကို ဒဏ်ပိစေသည့်အတွက် ကျောက်ကပ်ရောဂါကိုဖြစ်ပေါ်စေနိုင်သည်ဆို၏။

ဆီးအိတ်ဝေဒနာရှင်ထံမှ ကလပ်စည်းများကို ခွဲခန်းရှိ ဆီးအိတ်ပုံသဏ္ဌာန်စီမံထားသော ငြမ်းအတွင်းသို့ထည့်ပြီး ကြီးထွားလာစေရန် ရက်သတ္တခုနစ်ပတ်မှ ရှစ်ပတ်အထိ မွေးယူရသည်။ ထို့နောက် ထိုဆီးအိတ်ကို လူနာ၏ ဆီးအိတ်နှင့်တွဲချည်ပေးလိုက်သည်။ဆီးအိတ်အလုပ်လုပ်မှု တိုးတက်ကောင်းမွန်လာကြောင်းတွေ့ရသည်။

ဤသည်မှာ ဆေးပညာလောကတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။

ယခုအခါ ဝိတ်ဖောရက်သိပ္ပံပညာရှင်များသည် နှလုံးအပါအဝင် အခြားသော အင်္ဂါအစိတ်အပိုင်းများကိုလည်း ဤနည်းကို အသုံးပြုစမ်းသပ်နေကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

ရေညှိနှင့် ရေမှော်ပင်များမှ ရရှိသော ပရိုတိန်း မျက်စိအမြင် ပိုမိုကောင်းမွန်စေကြောင်းတွေ့ရှိ

ရေညှိနှင့် ရေမှော်ပင်များမှရရှိသော ပရိုတိန်းသည် လူတို့၏ မျက်စိအမြင်အာရုံကြောဆဲလ်များကို ပိုမိုသန်စွမ်းစေပြီး အမြင်ကြည်လင်မှုကို ပိုမိုကောင်းမွန်စေကြောင်း လန်ဒန်ရှိ ကျန်းမာရေးဆိုင်ရာသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

မျက်လုံးအလှခြယ်သသော ဆိုးဆေးမျိုးစုံတို့ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများကို ကုသရာတွင် နေ့စဉ်ပုံမှန်သာ စားသုံးသွားပါက သက်သာပျောက်ကင်းစေနိုင်ကြောင်း ရေညှိနှင့်ရေမှော်ပင်တို့ စွမ်းအင်နှင့်ပတ်သက်၍ ၎င်းတို့က ပြောကြားသည်။

ထို့အပြင် မျက်စိအမြင်ကို ပိုမိုကောင်းမွန်စေသော အမြင်အာရုံကို ဖြစ်ထွန်းစေသည့်ဆဲလ်များကိုလည်း အသစ်ဖြစ်ပွားစေကြောင်း၊ ပျက်စီးသွားသည့်ဆဲလ်များနေရာတွင်လည်း အစားထိုးရန် ဆဲလ်များ ဖြစ်ထွန်းမှုလျင်မြန်စေရန် ရေညှိနှင့် ရေမှော်တို့တွင် ပါဝင်သော ပရိုတိန်းဓာတ်က ကူညီနိုင်စွမ်းရှိသည်။

သို့သော် စက္ခုနှစ်ကွင်းအလင်းမရသူများ(သို့မဟုတ်)ကြောင်တောင်ကန်းများအတွက်မူ အထောက်အကူမပြုပေးနိုင်ကြောင်း၊ ၎င်းတို့အတွက် သုတေသနပြုမှုများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တစ်ဖန် ရေညှိနှင့်ရေမှော်ပင်တို့မှရရှိသော အခြားဓာတ်များကလည်း လူတို့၏မျက်စိတွင်ဖြစ်ပွားလေ့ရှိသည့် အချို့သော ရောဂါများကို ဟန့်တားကာကွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ သုတေသနပြုမှုကို လန်ဒန်ရှိ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင် ဒေါက်တာဗိုဟ္ဂာပန် ဦးဆောင်သည့်အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လက်တွေ့ကုသမှုများကို မကြာမီအချိန်အတွင်း ဆောင်ရွက်တော့မည်ဖြစ်သည်။

(ကိုးကား-အင်တာနက်)



ဒေါ်လာ ၃၅သန်းတန် ပန်းချီကား

ဂျေအမ်ဒဗလျူတန်းနားမှ ပန်းချီကားတစ်ချပ်ကို နယူးယောက်၌ ဒေါ်လာ ၃၅ဒသမ၈သန်း လေလံတင်ရောင်းချခဲ့ရကြောင်း၊ ယင်းမှာ ဗြိတိသျှပန်းချီဆရာတစ်ဦး၏ ပန်းချီကားဖြစ်ကြောင်းသိရသည်။

ယင်းပန်းချီကားသည် ၁၉၉၀ပြည့် နှစ်က ဂျွန်ကွန်စတာဘယ်ကဒေါ်လာ ၂၁ဒသမ ၂သန်းဖြင့်ရောင်းချခဲ့သော ပန်းချီကားဖြစ်သည်။ ၎င်းပန်းချီကားကို ၁၉၈၄ခုနှစ်က ပေါင် ၅ဒသမ ၅သန်းဖြင့် ဖော်ကီစတုန်းက ကမ္ဘာ့အမြင့်ဆုံးဈေးပေးဝယ်ခဲ့သည်။ ၎င်းပန်းချီကားမှာ ဗင်းနစ်မြို့၏ဆိပ်ကမ်းရှုခင်းပုံဖြစ်ပြီး ၁၈၄၁ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗြိတိသျှလူမျိုးပန်းချီဆရာသည် ထိုနှစ်မတိုင်မီက အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ လာရောက်ခဲ့ပြီးနောက် ယင်းပန်းချီကားကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။

ယင်းပန်းချီကားကို နယူးယောက်မြို့ရှိ စိန့်ဖရန့်ဆစ်ဖောင်ဒေးရှင်းမှ ရောင်းခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကပန်းချီကားစုဆောင်းသူတစ်ဦးက ၎င်းပန်းချီကားကို စိန့်ဖရန့်ဆစ်ဖောင်ဒေးရှင်းသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

၁၈၄၁ခုနှစ်က ပန်းချီပြခန်းတစ်ခု၌ အယ်လ်ဟမ်နန်ဘစ်နေးဂ်ဆိုသူက ပေါင်ငွေ၂၆၂ဒသမ ၅၀ပေး၍ဝယ်ယူခဲ့သည်။၁၈၆၃ခုနှစ်တွင် ၎င်းက ခရစ္စတီးလေလံရုံး၌ ပေါင် ၁၇၃၂ ဒသမ ၅၀ ဖြင့် ရောင်းချခဲ့သည်။ ၁၈၉၇ခုနှစ်တွင် အဆိုပါလေလံတင်ပွဲ၌ ပေါင် ၇၁၄၀ ဖြင့် ဒေါ်နယ်ကာရီအား ရောင်းချခဲ့ကြောင်း သိရသည်။ ၎င်း၏ မြေးဖြစ်သူက ၁၉၅၉ခုနှစ်တွင် ရောင်းချခဲ့သည်။ ၁၉၉၂ခုနှစ်က ပုဂ္ဂလိကပန်းချီကား စုဆောင်းသူတစ်ဦးက စိန့်ဖရန့်ဆစ်ဖောင်ဒေးရှင်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

အင်တာနက်

သတင်းနှင့် ဓာတ်ပုံများ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အေးမြင့်နှင့် ရုရှားဖက်ဒရယ်လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ **Mr. Smirnov** တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံအစိုးရတို့ အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ **Mr. Victor Cherkesov** တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

✡ ***ကျောဖုံးမှ***

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အေးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီးခေး(လ်)ဖရက်ကော့(ဗ်)နှင့်အတူ စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey G. Reus၊ ဝန်ကြီးချုပ်၏ လက်ထောက် Mr. Sergey Yu. Vinokurov၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှူး Mr. Tatyana D. Valouaya ၊ မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ Mr. Victor Cherkesov၊ ရုရှားဖက်ဒရယ် လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov၊ JSCကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Tokarev၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanovနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြားချုပ်ဆိုသော Memorandum of Understanding on Strategic Cooperation in Petroleum Sector between Ministry of Energy of the Government of the Union of Myanmar and JSC Zarubezhneft the State Company of Russian Federation ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC ကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Tokarevတို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြားချုပ်ဆိုသော Agreement between the Central Committee for Drug Abuse Control of the Union of Myanmar and the Federal Service of the Russian Federation on Narcotics Traffic Control on Cooperation in Combating Illicit Trafficking of Narcotic Drugs Psychotropic Substances and their Precursors ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ Mr. Victor Cherkesovတို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော Agreement between the Government of the Union of Myanmar and the Government of the Russian Federation on the Mutual Protection of Classified Informationကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာန လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အေးမြင့်နှင့် ရုရှားဖက်ဒရယ် လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို အပြန်အလှန် လဲလှယ်ကြကာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်) ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)က ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Government House, 3rd Floor ရှိ Reception Hall၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)နှင့်အတူ စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Andrey G.Reus ၊ ဝန်ကြီးချုပ်၏ လက်ထောက် Mr.Sergey Yu Vinokurov၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှူး Mr.Tatyana D.Valouaya ၊ မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေးဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ Mr.Victor Cherkesov ၊ ရုရှားဖက်ဒရယ် လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov ၊ J SCကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr.Nikolay Tokarev၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Mr.Oleg V.Kabanovနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ ခေတ္တတည်းခိုသည့် President Hotel သို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်လေးရပ် ချုပ်ဆိုနိုင်ခဲ့သည့်အတွက် များစွာကျေနပ်အားရ ဤခရီးစဉ် အောင်မြင်မှုရရှိပြီး လက်ရှိဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ပြုလုပ်နိုင်လိမ့်မည်ဟုမျှော်လင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ပညာရေးနယ်ပယ်အသီးသီး ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေမည် အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသတို့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စား

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအပြီး ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Government House ရှိ Avan Hall ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသည်။ (အပေါ်ပုံ)

အပြုသဘောဆောင်

ရှေးဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)က တွေ့ဆုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အသေးစိတ်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲက မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေးနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာအကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြကြောင်း၊ ဝန်ကြီးဌာနများအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း၊ နှစ်နိုင်ငံ ဆွေးနွေးပွဲသည် အပြုသဘောဆောင်ပါကြောင်း၊ ယနေ့တွင် နှစ်နိုင်ငံသဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာ စုစုပေါင်း သုံးခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ နောက်တစ်နေ့တွင်လည်း နှစ်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသတို့တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိပါကြောင်း၊ ခိုင်ခိုင်မာမာပြောလိုသည်မှာ ဆွေးနွေးပွဲ၏ရလဒ်များကို အထူးအားရကျေနပ်ပါကြောင်းနှင့် ရုရှား-မြန်မာဆက်ဆံရေး အလားအလာကောင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကဏ္ဍသစ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တွေ့ဆုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်ပြီး ဆက်ဆံရေးကောင်းမွန်ခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံကို လာရောက်လည်ပတ်ခွင့်ရရှိသည့်အတွက် မိမိအနေဖြင့် အထူးဝမ်းမြောက် ကျေနပ်မှုဖြစ်မိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့အဖွဲ့အနေဖြင့် ချစ်ကြည်ရေးခရီးလာရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့နှစ်နိုင်ငံ အစိုးရအဖွဲ့များအကြား၌လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများအကြား၌လည်းကောင်း၊ တပ်မတော်နှစ်ခုအကြား၌လည်းကောင်း တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်သည့်အနေဖြင့် လာရောက်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးကြသော်လည်း တူညီချက်များများစွာရှိကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို အမြဲအလေးထားသကဲ့သို့ ရုရှားနိုင်ငံသည်လည်း မြန်မာနိုင်ငံ၏ မိတ်ကောင်းဆွေကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

ပိုမိုတိုးတက်ခိုင်မာ

နှစ်နိုင်ငံဆက်ဆံရေးစတင်သည့် အချိန်ကစတင်ပြီး အဆင့်ဆင့်သော တာဝန်ရှိပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မာလာခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်အတွင်းက လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ "မူ"များနှင့် ပတ်သက်သည့် ပူးတွဲကြေညာချက်သည်လည်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်စေသော အခြေခံကောင်းတစ်ခုဖြစ်ကြောင်း။

ယုံကြည်

မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ညှိနှိုင်းဆွေးနွေးရန် သဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ယင်းစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် မိမိတို့နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာဖိုရမ်များတွင် ထိတွေ့ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သဘောထားနှင့် ရပ်တည်ချက်ကို မိမိတို့ကောင်းစွာနားလည်သဘောပေါက်ပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးကိစ္စနှင့်စပ်လျဉ်းပြီး မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဆက်လက်ပူးပေါင်းဆောင်ရွက်

မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုအခြေအနေကို လေ့လာကြည့်သည့်အခါ နှစ်ဦးနှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများရှိနေသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးမြှင့်တင်နိုင်ရန်အတွက် အစိုးရပိုင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရုံသာမက ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန်လည်း အားပေးပါကြောင်း၊ ရုရှားစီးပွားရေး လုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန်လည်း ကြိုဆိုဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ဆန်စပါးအပြင် စိုက်ပျိုးရေးကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍနှင့် သဘာဝသယံဇာတပစ္စည်း တူးဖော်ထုတ်လုပ်ရေးကဏ္ဍများတွင် အခွင့်အလမ်းကောင်းများစွာရှိသည့်အတွက် လာရောက်လေ့လာရင်းနှီးမှု မြှုပ်နှံမှုနှင့် လိုအပ်သော နည်းပညာများကို မိမိတို့ ကြိုဆိုပါကြောင်း။

များစွာကျေနပ်အားရ

ယနေ့ ညနေပိုင်းတွင် ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)နှင့် အလွန်အကျိုးရှိသော ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ဤဆွေးနွေးပွဲတွင် မိမိတို့သည် ဒေသတွင်းအခြေအနေများ၊ နိုင်ငံတကာအခြေအနေများကို လေ့လာသုံးသပ်ကြရာတွင် တူညီသော သဘောထားအမြင်များ ရရှိခဲ့သည်ကိုလည်း များစွာကျေနပ်မိပါကြောင်း၊ မိမိတို့၏ ခရီးစဉ်အတွင်းတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်(၄)ရပ်ကို ချုပ်ဆိုနိုင်သည့်အတွက်လည်း များစွာကျေနပ်အားရဖြစ်မိပါကြောင်း၊ ဤခရီးစဉ်သည် အောင်မြင်မှုရရှိပြီး မိမိတို့၏ လက်ရှိဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ရေဆေးချက်စရာမလိုတဲ့ဆန်
၇း၁၀	မှိုအသားမျှင်တစ်သျှုးမျိုးပွားနည်း
၇း၃၀	ခါသကြန်အဆိုအက
၇း၃၅	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၈း၂၀	ခါသကြန်အဆိုအက
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	ယဉ်ကျေးမှုအမွေထိန်းသိမ်းဖို့ တစ်တပ်တစ်အားပါဝင်စို့
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	ခါသကြန်အဆိုအက
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	Learning English (Tools)
၉း၁၀	ခါသကြန်အဆိုအက
၉း၁၅	ရိုးမတောမှ ကျွန်းရတနာများ
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	ခါသကြန်အဆိုအက
၉း၄၀	အခြေခံဘော်လီဘော ကစားနည်း နည်းစနစ်များ (အပိုင်း-၂)
၉း၅၅	ဆက်သွယ်လုံခြုံနည်းအဖုံဖုံ
၁၀း၁၀	ခါသကြန်အဆိုအက
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	ခါသကြန်အဆိုအက
၁၀း၂၅	မြန်မာ့မြေအောက် သယံဇာတများ ရွှေနှင့် ခဲမဖြူသတ္တု တူးဖော်ရေးလုပ်ငန်း
၁၀း၄၅	Music Talk(3) (ဒေါက်တာဇော်သန်း၊ သန်းမြတ်စိုး၊ ဦးမျိုးမြတ်သူ)
၁၁း၄၅	ပြည်သူ့အတွက်ကျန်းမာရေး (ခါးနာရောဂါအကြောင်း မေးမြန်းခန်း)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၄း၃၀	ပရီမီယာပွဲကြို သုံးသပ်ချက်(၁) (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၅း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၆း၁၀	Tottenham Hotspurs-Man City	5-Sports(Live)
၈း၂၄	Charlton-Everton	5-Cartoons(Live)
၈း၂၅	Portsmouth-Blackburn	5-Sports(Live)
၁၀း၃၀	Sunderland-Fulham	5-Cartoons(Live)
၁၀း၄၀	Wigan-Birmingham	5-Sports(SDD)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ရောက်ရှိ

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ မီခေး(လ်) ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Vnukovo-2 လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရောက်ရှိကြသည်။

ခရီးဦးကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. A.G. Sviridov တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား မြန်မာကလေးငယ် အမျိုးသားလေးနှင့် အမျိုးသမီးလေးတို့က ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်ကြသည်။

ပြန်လည်မိတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.A.Y. Alekseev၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg. V.Kabanovနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.A.Y. Alekseev တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၏ ဇနီး ဒေါ်မြင့်မြင့်သိန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့် ဇနီး ဒေါ်ခင်သောင်းနွယ်၊ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုကြသည်။

ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းခံယူ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y Alekseev တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြသည်။

ရောက်ရှိရပ်နား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ခေတ္တတည်းခိုမည့် President Hotel သို့ ရောက်ရှိ ရပ်နားကြသည်။

(သတင်းစဉ်)

ဂါရဝပြုပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားအမျိုးသမီးတစ်ဦးက ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.A.Y. Alekseev၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg . V.Kabanov နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y.Alekseev တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

မိတ်ဆက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဂုဏ်ပြုတပ်ဖွဲ့ ချီတက်အလေးပြုခြင်းခံယူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.A.Y. Alekseev တို့ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

8-4 (09).p65 1 1/9/32, 2:24 PM

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကြက်ငှက် တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ၁၅နိုင်ငံနှင့်ကမ္ဘာ့အခြားဒေသနိုင်ငံ ၃၃နိုင်ငံ စုစုပေါင်း၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကုန်အထိ လူပေါင်း၁၈၆ဦး၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ၁၀၅ဦးအသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်အတွင်း သံသယဖြစ် ကြက်ခြံများမှ ကြက်များ၏ရောဂါနမူနာပစ္စည်းများ ရယူ၍ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ ၅၆ ခြံမှ ရောဂါနမူနာပေါင်း၄၆၀ ခုကိုစစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၀ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ မုံရွာမြို့နယ်များနှင့် မန္တလေးတိုင်းအတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ် ကြက်ခြံများကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ ၁ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင်ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ခုနှစ် ဧပြီ၂ရက် အထိ ကြက်ခြံ ၃၀၇ခြံ၊ ငုံးခြံ ၁၀၂ခြံမှ ကြက်ကောင်ရေ ၂ဒသမ၄သိန်း၊ ငုံးကောင်ရေ ၂ဒသမ၃သိန်း၊ ကြက်ဥ ဝဒသမ ၉သိန်း၊ ငုံးဥ ၀ ဒသမ ၆သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မြို့နယ်များအတွင်း တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာ သတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်၊ဘဲ၊ငုံးမွေးမြူရေးခြံများရှိ ကြက်၊ဘဲ၊ငုံးများကို ရောဂါစူးစမ်း ရှာဖွေစစ်ဆေးခြင်းများစသည်တို့ကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှု ဆိုင်ရာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းလျက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက်သေဆုံးမှု များလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျ စားသောက်ဆိုင်၌ ကျင်းပရာ အသင်းနာယက စီးပွားရေးတက္ကသိုလ် ပါမောက္ခ (ဌာနမှူး) ဒေါက်တာတင်စိုးက ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သုံးဘာသာဂုဏ်ထူးရှင် မောင်ဟန်မင်းဗိုလ်အား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။
(က-ပ)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်း အကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချစားသုံးခြင်း(လုံးဝ)မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူ ထားရှိမွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင် ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ဘဲဈေးဒိုင်များသို့ သွားရောက်မှု မပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်းဝင်ရောက်ရန်။

၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး၊ အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။
(ခ) ကြက်၊ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန်။

၇။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

8-4 (10).p65 1 1/9/32, 2:24 PM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အညတြစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြု

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးတင်စိုး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V.Kabanovနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး Mr. A.G. Sviridov တို့ လိုက်ပါလျက် ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Alexandrovsky Garden ရှိ အညတြစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။

အမျိုးသားသီချင်းတီးမှုတ်

ထိုသို့အလေးပြုရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်စစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အညတြစစ်သည် ဗိမာန်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)

ဂုဏ်ပြုပန်းခွေချ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အညတြစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုပန်းခွေချအလေးပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အညတြစစ်သည် ဗိမာန်၌ ဂုဏ်ပြုပန်းခွေချအလေးပြုစဉ်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဧပြီ ၇

၂၀၀၆ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၄ ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားရာတွင် မန္တလေးမြို့တော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်သစ်ကူး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကိုယခု၁၃၆၇ ခုနှစ်တွင်လည်း အစဉ်အလာမပျက် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရင်း စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ယခင်နှစ်များနည်းတူ မြန်မာ့နှစ်သစ်ကူး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကိုကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့်လုပ်ငန်းဆပ်ကော် မတီအသီးသီးကိုဖွဲ့စည်း တာဝန်ခွဲဝေပေးပြီးဖြစ်ကြောင်း၊ ဆပ်ကော်မတီအလိုက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကိုကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုများနှင့် လိုအပ်ချက်များကို တင်ပြကြရန်နှင့်အချင်းချင်း ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြား လိုကြောင်း၊ ပထမအကြိမ် ညှိနှိုင်း အစည်းအဝေးတွင် မှာကြားခဲ့သည့်အတိုင်းမြန်မာမှု၊မြန်မာ့ယဉ်ကျေးမှု အနှစ်သာရများကို လက်ဆင့်ကမ်း ထိန်းသိမ်းရင်း ဘိုးဘွားမိဘများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဂုဏ်ယူစွာဖော်ဆောင်ပြီး ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကြီးကို အထူးစည်ကား သိုက်မြိုက်စွာကျင်းပနိုင်ရေး ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် မြို့တော်နေ ပြည်သူများ စိတ်ချမ်းသာစွာ ရေကစားနိုင်ကြစေရန် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများစနစ်တကျ ယဉ်ယဉ်ကျေးကျေး ရေကစားကြရန်လည်း ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း။

စေတနာ

ဖွဲ့စည်း တာဝန်ပေးထားသည့် လုပ်ငန်း ဆပ်ကော်မတီ အသီးသီး အနေဖြင့် စေတနာ၊ ဝီရိယ အပြည့်အဝထားပြီး ပါဝင်ဆောင်ရွက်ပေးကြရန်နှင့်ဆောင်ရွက်ထားရှိမှုများကို တင်ပြညှိနှိုင်းကြရန် မှာကြားသည်။

ဆက်လက်၍၂၀၀၆ခုနှစ်မန္တလေးမြို့တော် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၃၆၇ခုနှစ် မြန်မာ့ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးလမ်းညွှန်ချက်၊ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့တွင် အလှပြ မဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များနေရာချထားမှု၊ ကျုံးပတ်လည်တွင် ဖျော်ဖြေမှုအစီအစဉ်များ၊ဖွင့်ပွဲအခမ်းအနားတွင် ပါဝင် ဖျော်ဖြေနိုင်ရန် ကျောင်းသူကလေးများ၏ လေ့ကျင့်နေမှု၊ အလှပြယာဉ်နှင့် အလှပြ မဏ္ဍပ်များအတွက် မြို့တော်ဝန်ဖလား ဆုအမျိုးအစားများနှင့် ၂၀၀၆ခုနှစ်အတွက် မြို့တော်ဝန်သင်္ကြန်မဏ္ဍပ် ဒီဇိုင်းများအား ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆပ်ကော်မတီအလိုက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအပေါ် ဖြည့်စွက် မှာကြားကာ လုပ်ငန်းများအား ကော်မတီအလိုက် ပေါင်းစပ် ညှိနှိုင်းပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၀၆ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ၆၆ လမ်း ကျုံးအရှေ့ဘက်တွင် အလှပြမဏ္ဍပ် ငါးခု၊ ရေကစားမဏ္ဍပ် ၁၆ခု၊ ၂၆လမ်း ကျုံးတောင်ဘက်တွင် အလှပြ မဏ္ဍပ်နှစ်ခု၊ ရေကစားမဏ္ဍပ် ၁၉ ခု၊ လမ်း ၈၀ ကျုံးအနောက်ဘက်တွင် အလှပြမဏ္ဍပ်နှစ်ခု၊ ရေကစားမဏ္ဍပ်၂၀၊ ၁၂ လမ်း ကျုံးမြောက်ဘက်တွင် ရေကစားမဏ္ဍပ်ခုနစ်ခု စုစုပေါင်း ကျုံးပတ်လည်တွင် အလှပြမဏ္ဍပ် ကိုးခုနှင့် ရေကစားမဏ္ဍပ် ၆၂ခု နေရာချထားပြီး မြို့တွင်းတွင် ရေကစားမဏ္ဍပ် ၁၄ ခု နေရာချထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်) ဖရက်ကော့(ဗ်)နှင့်အတူ စက်မှုလက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey G.Reus၊ ဝန်ကြီးချုပ်၏ လက်ထောက် Mr. Sergey Yu. Vinokurov၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှူး Mr. Tatyana D. Valouaya၊ မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ထိန်းချုပ်ရေး ဖက်ဒရယ်အဖွဲ့ဥက္ကဋ္ဌ Mr. Victor Cherkesov၊ ရုရှားဖက်ဒရယ်လုံခြုံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Smirnov၊ JSCကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Tokarev၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanovနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မြန်မာနိုင်ငံ၏ ဖွံ့ ဖြိုးတိုးတက်မှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်) ဖရက်ကော့(ဗ်) တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေး အပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အကြမ်းဖက်လုပ်ရပ်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် လက်ရှိ နိုင်ငံတကာ အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်) ဖရက်ကော့(ဗ်)တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ်များမဏ္ဍိုင်ပြုပြီး အသင်းကြီးကိုဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများစဉ်တိုက် ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေ ပြောင်းလဲနေသောခေတ်စနစ်နှင့်အညီ အရည်အသွေးမြင့်မားရေးဆည်းပူးလေ့လာ

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ရုံးခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးသိန်းစိန်၊ သူရဦးမြင့်မောင်နှင့် ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေး၊ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မဏ္ဍိုင်ပြုပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းကြီးစတင်ဖွဲ့စည်းစဉ်ကစပြီး စီမံရေး၊ ဖွဲ့စည်းရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အသင်းဝင်များကို စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးနေခြင်းဖြစ်ကြောင်း၊ အခြေခံသတင်းစာပညာသင်တန်းသည် လေ့ကျင့်ပျိုးထောင်မှုထဲက တစ်ခုဖြစ်ကြောင်း၊ အခြေခံသတင်းစာပညာသင်တန်းမှာ အမျိုးသားနိုင်ငံရေး၊ နည်းပညာဆိုင်ရာ၊ သတင်းဆိုင်ရာ၊ ဝါဒဖြန့်ချိရေး၊ ကောလာဟလများချေဖျက်ရေးနှင့် မီဒီယာဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း။ ကာလသုံးပါးဆက်စပ်ပြီး ဘဝအတွေ့အကြုံနှင့် ထင်ဟပ်လေ့လာခဲ့ကြ၍ အတိုင်းအတာတစ်ခုထိ သိမြင်ကြပြီဖြစ်ကြောင်း၊ ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းနှင့် ဗဟုသုတများကို လမ်းညွှန်အဖြစ်ခံယူပြီး နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ အရည်အချင်း၊ အရည်အသွေးမြင့်မားရေး ဆက်လက်ဆည်းပူးလေ့လာကြရမှာ ဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသင်းဝင်များ၏ ခေါင်းဆောင်ကောင်း အရည်အချင်းများ၊ ခံယူလိုက်နာဆောင်ရွက်မှု၊ နောက်လိုက်ကောင်း အရည်အသွေးများနှင့် ပူးပေါင်းပါဝင်ကြရမှာ ဖြစ်ကြောင်း၊ အသင်းကြီးသည် ခိုင်မာတောင့်တင်းသည့် အမျိုးသားရေးအင်အားစုအဖြစ် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်နေ

အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး နေ့မအားညမနား အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးအကောင်အထည်ဖော်တည်ဆောက်ခဲ့၍ အေးချမ်းတည်ငြိမ်မှု အခြေခံကောင်းများရရှိနေပြီ ဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ပြီး အဆက်အစပ်ရှိရှိ ကွက်ပြည့်အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ဒေသအားလုံး တစ်ပြိုင်တည်း အချိုးညီညီ ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ကျေးလက်စီးပွားတိုးတက်ရေး၊ပညာရေးတိုးတက်စေရေး၊ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေး၊ ကြက်ဆူပင်စိုက်ပျိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်

နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများသည် နယ်မြေဒေသတိုင်းတွင် အေးအတူပူအမျှ အတူတကွ ပေါင်းစုနေထိုင်ကြတာဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်စာနာ ရင်းနှီးချစ်ခင်တွယ်တာမှုများရှိကြောင်း၊ စည်းလုံး ညီညွတ်မှုအခြေခံကောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အခြေခံကောင်းများ ရှင်သန်ထွန်းကားနေရာဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်သည် ပြည်ထောင်စု၏ မည်သည့်နေရာ၊ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာ တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏ အခြေခံဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်အတိုင်း အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းက သင်တန်းထူးချွန်ပထမဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးမြင့်ဝင်းလှ၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဦးသန်းစိန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင်ထွန်းဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား ဦးရဲလင်းထွန်းအား ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်းက သင်တန်းသို့လာရောက်ပို့ချပေးကြသည့် သင်တန်းနည်းပြဆရာများကိုယ်စား မြန်မာ့စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ညွှန်ကြားရေးမှူး(စီမံ)ဦးတင်မောင်စိုးအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းပိတ် အကြိုဗိုလ်လုပွဲစဉ်ယှဉ်ပြိုင် စွမ်းအင်က ပို့ဆောင်ရေးကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ၃နာရီ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ စွမ်းအင်အသင်းက ပို့ဆောင်ရေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဦးဆောင်ဂိုး

စွမ်းအင်အသင်းမှ အထူးအားထားရသော ကျော်ခိုင်ဝင်းမှာဒဏ်ရာကြောင့် ထင်သလောက် ခြေစွမ်းမပြနိုင်၍ လူစားလဲခဲ့ရသော်လည်း လူစားဝင်လာသည့် ဝေယံမောင်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ လူစားလဲမှန်သည်ဟုဆိုရပေမည်။ စွမ်းအင်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်း၂၅မိနစ်တွင် မင်းမင်းထွန်းကထောင့်ကန်ဘောကန်ပို့ရာ ဘောလုံးကျလာစဉ် ဝေယံမောင်က ကန်သွင်းယူ၍ ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲ

ဧပြီ ၈ရက်(**ယနေ့**) ညနေ၃နာရီ ၄၅မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယအကြို ဗိုလ်လုပွဲစဉ်အဖြစ် မြို့တော်စည်ပင် အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ပွဲစဉ်(၃၃)

တော့တင်ဟမ်နှင့် မန်စီးတီးတို့ဆုံပြီ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၇

ပရီမီယာလိဂ်ပွဲစဉ်(၃၃)ကို ဧပြီ ၈ ရက် (ယနေ့)တွင် ဆက်လက်ကစားမည်ဖြစ်ရာ တော့တင်ဟမ်နှင့်မန်စီးတီး တို့အပါအဝင် ပွဲပေါင်းငါးပွဲကစားမည်ဖြစ်သည်။ ပရီမီယာလိဂ်သည် ပွဲစဉ်(၃၂)၌ ချယ်လ်ဆီးတို့ သရေကျခဲ့သဖြင့် မန်ယူနှင့်ပွဲတူ ခုနစ်မှတ်သာ ကွာနေသဖြင့် ပြန်လည်သက်ဝင်လှုပ်ရှားလာသည်။

ချယ်လ်ဆီးနှင့် ကစားမည့်ပွဲတွင် ပါဝင်ကစားမည့် ဝက်စ်ဟမ်းအသင်းမှ တက်ဒီရှုရင်ဂမ်။
(ဓာတ်ပုံ–အင်တာနက်)

တော့တင်ဟမ်နှင့်မန်စီးတီး

အိမ်ကွင်းခြေမာပြီး ရလဒ်ကောင်းနေသော တော့တင်ဟမ်တို့ နိုင်ပွဲဆက်မည့် အနေအထားရှိသည်။ တော့တင်ဟမ်တို့အိမ်ကွင်း၌ ၁၆ ပွဲကစားခဲ့ရာ တစ်ပွဲသာရှုံးထားသည်။ တော့တင်ဟမ်တိုက်စစ်မှူးကိန်းက တစ်ဦးတည်း ၁၄ ဂိုးသွင်းထားသလို မီဒိုကလည်း ခုနစ်ဂိုးသွင်းထားနိုင်သည်။ တော့တင်ဟမ်တိုက်စစ်မှူး ရော်ဘီကိန်းသည် ကြံသလို ဂိုးသွင်းနိုင်ပြီး တစ်ဖက်အသင်းနောက်တန်းကို တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကစားနိုင်သူဖြစ်သည်။

မန်စီးတီးတို့ ယခုနှစ် အဝေးကွင်းရလဒ်မကောင်းပေ။ အသင်းအလိုက်ကစားပုံကောင်းသော်လည်း မန်စီးတီးတိုက်စစ်မှူးများ ဂိုးသွင်း စွမ်းရည်ကျဆင်းလျက်ရှိရာ ၃၂ ပွဲကစားပြီး ၃၉ ဂိုးသာ သွင်းထားနိုင်သည်။

မန်စီးတီး၌ ဂိုးအများဆုံးသွင်းထားသူမှာ ကိုးလ်ဖြစ်ပြီး တစ်ဦးတည်းကိုးဂိုးသွင်းထားနိုင်သည်။ တော့တင်ဟမ်နှင့် မန်စီးတီးတို့ တော့တင်ဟမ်ကွင်း၌ နောက်ဆုံး ငါးပွဲ ကစားခဲ့ရာတွင် တော့တင်ဟမ်တို့ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ တော့တင်ဟမ်တို့သာ နိုင်ပွဲရမည့်သာ ဖြစ်သည်။

ချာလ်တန်နှင့်အဲဗာတန်

ချာလ်တန်ကွင်း၌ အဲဗာတန်တို့ အနိုင်ရရေးမှာ တော်ရုံကြိုးစား၍ရမည် မဟုတ်ချေ။ ချာလ်တန်တို့ ယခုနှစ် ခြေစွမ်းပုံမှန်ဖြစ်နေပြီး ချာလ်တန်တိုက်စစ်မှူး ဒါရင်ဘင့်က တစ်ဦးတည်း ၁၆ဂိုးသွင်းကာ အမြင့်ဆုံး ဂိုးသွင်းစံချိန်တင်ရန် ကြိုးစားနေသူဖြစ်သည်။ အဲဗာတန်တို့နောက်တန်းမှာ ပရီမီယာလိဂ်၌ အဆိုးရှားဆုံး အနေအထားသို့ ရောက်ရှိနေပြီး အားနည်းချက်များလည်းရှိနေသည်။ အဲဗာတန် တိုက်စစ်မှူး ဘီတီသည် ယခုအချိန်အထိ ၁၀ ဂိုးသွင်းထားနိုင်သော်လည်း တိုက်စစ်တွင် ချာလ်တန်က အနည်းငယ် အားသာ နေသည်။ ချာလ်တန်ကွင်း၌ အဲဗာတန်တို့နှင့် နောက်ဆုံးငါးပွဲကစားခဲ့ရာတွင် ချာလ်တန်တို့က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ရရှိထားသည်။ နှစ်သင်းစလုံး အမှားမခံသည်ဖြစ်ရာ အကြိတ်အနယ်ပွဲပင် ဖြစ်သည်။

ဝီဂန်နှင့်ဘာမင်ဂမ်

ပရီမီယာလိဂ်ပွဲ ရာသီအစ ခြေစွမ်းပြနိုင်ခဲ့သော ဝီဂန်တို့လည်း ဝါရင့်သမ္ဘာရင့်အသင်းကြီးများနှင့် ကြုံတိုင်းရှုံးလျက်ရှိရာ ပုံမှန်ရပ်တည်နိုင်အောင် ကြိုးစားနေရပြီ ဖြစ်သည်။ ဝီဂန်တိုက်စစ်မှူး ကာမာရာက ဂိုးသွင်းစွမ်းရည်ထက်မြက်ပြီး ကြံသလိုဂိုးသွင်းနိုင်သည်။ ဘာမင်ဂမ်မှာ တန်းဆင်းဇုန်မှ လွတ်အောင် ကြိုးစားရန်းကန်နေရသဖြင့် နိုင်ပွဲရအောင် ကစားမည်ဖြစ်ရာ ဝီဂန်တို့ ပေါ့ပေါ့ဆဆ ကစားပါက ရှုံးပွဲကြုံသွားနိုင်ပေသည်။



ပရီမီယာလိဂ်ပွဲစဉ်(၃၃)အဖြစ် တော့တင်ဟမ်နှင့် ကစားမည့် မန်ချက်စတာစီးတီးမှ ဆာမာရက်စ်(ယာ)၏ ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

အခြားပွဲများ

ပို့စ်မောက် – ဘလက်ဘန်း
ဆန်းဒါးလန်း – ဖူလ်ဟမ်

(အင်တာနက်)

မစ်ဒယ်ဘရော့၊ ရှော်ကေး၊ အက်ဖ်စီဆီဗီလာနှင့်ဘူခါရက်တို့ ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတက်ပြီ

လန်ဒန် ဧပြီ ၇

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မစ်ဒယ်ဘရော့က ဘေဆဲလ်ကို လေးဂိုး–တစ်ဂိုးဖြင့်အနိုင်ရပြီး ဇင်းနစ်စိန့်ပီတာစဘတ်နှင့် အက်ဖ်စီဆီဗီလာတို့ တစ်ဂိုးစီသရေပွဲဖြစ်ကာ ရှော်ကေးနှင့်ဆိုဖီယာတို့လည်း တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

အကြိုဗိုလ်လုပွဲတက်

မစ်ဒယ်ဘရော့နှင့် ဘေဆဲလ်တို့ပွဲတွင် ဘေဆဲလ် တိုက်စစ်မှူး ဒီဆီလ်ဗားက ၂၃ မိနစ်တွင် အဖွင့်ဂိုးသွင်းယူပြီးမှသာ မစ်ဒယ်ဘရော့တို့ ချေပဂိုးနှင့် အနိုင်ဂိုးများရရှိခဲ့သည်။ မစ်ဒယ်ဘရော့တိုက်စစ်မှူး ဗီဒူကာက ၃၃ မိနစ်နှင့် ၅၇ မိနစ်တွင် လည်းကောင်း ၇၉ မိနစ်တွင် ဟက်ဆယ်ဘိမ့် တစ်ဂိုးနှင့် မက်ခရိုနီက မိနစ် ၉၀တွင် တစ်ဂိုးသွင်းယူခဲ့၍ မစ်ဒယ်ဘရော့တို့ လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ပွဲပေါင်းရလဒ် လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ကျေနပ်ခဲ့ရ

ဇင်းနစ်စိန့်ပီတာစဘတ်နှင့် ဆီဗီလာတို့ပွဲတွင် စိန့်ပီတာစဘတ်မှ ယောင်မင်ဟွမ်က မိနစ်၅၀တွင် တစ်ဂိုးစတင်သွင်းယူခဲ့ပြီး ဆီဗီလာအတွက် ချေပဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ဘလန်ကိုကီပါက သွင်းယူခဲ့သည်။ ဆီဗီလာတို့ ပွဲချိန် ၇၃ မိနစ်တွင် ရရှိသော ပယ်နယ်တီကို ဒါနဲလ် သွင်းယူရာ လွဲချော်ခဲ့သဖြင့် သရေပွဲဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

နှစ်ပွဲပေါင်းရလဒ်

ဆီဗီလာတို့ နှစ်ပွဲပေါင်း ရလဒ် နှစ်ဂိုး–ငါးဂိုးဖြင့် ယူအီးအက်ဖ်အေ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ပြီ ဖြစ်သည်။

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ မစ်ဒယ်ဘရော့ကို ရောက်အောင်ပို့ဆောင်ခဲ့သူ မစ်ဒယ်ဘရော့ တိုက်စစ်မှူး ယာကူဘူ(ယာ)၏ ထိုးဖောက်ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

ယူအီးအက်ဖ်အေ

ရှော်ကေးနှင့် ဆိုဖီယာတို့ပွဲတွင် ဆိုဖီယာမှ အင်ဂီလစ်က ၂၄ မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့ပြီး ရှော်ကေးအတွက် ချေပဂိုးကို လင်ကွန်းက ၅၈ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ရှော်ကေးတို့ နှစ်ပွဲပေါင်းရလဒ် ၄–၂အရ ယူအီးအက်ဖ်အေ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ပြီဖြစ်သည်။

အဝေးကွင်းသွင်းဂိုး

စတူအာဘူခါရက်နှင့် ရက်ပစ်ဘူခါရက်တို့ ပွဲတွင် ဂိုးမရှိ သရေကျပြီး ပထမအကျော့၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရာ နှစ်ပွဲပေါင်း ရလဒ်တူနေသော်လည်း အဝေးကွင်းသွင်းဂိုးအရ စတူအာဘူခါရက်က အနိုင်ရရှိကာ ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။ ။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၈–၄–၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	ပေါင်းစည်းအင်အားဧရာဝတီ မြစ်ကူးတံတားများ
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ခါသကြိန်အဆိုအကများ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၅	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၁၅	၅။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"Doraemon"**
၁၂း၃၅	၆။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂း၄၅	၇။	ရုပ်မြင်သံကြားဇာတ်လမ်း **"ကြည်နူးရိပ်"** ပိုင်ဇေရဲထွန်း၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ–သက်တင်)
၁၃း၂၅	၈။	ခါသကြိန်အဆိုအကများ
၁၃း၄၀	၉။	စွန်ချောင်းရေလှောင်တမံ
၁၃း၅၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၀၅	၁၁။	အရေးပြိုင်ပွဲ
၁၄း၁၅	၁၂။	**"နင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၄း၂၅	၁၃။	အတီးပြိုင်ပွဲ
၁၄း၄၀	၁၄။	မအီချောင်းတံတား
၁၄း၄၅	၁၅။	International News
၁၅း၀၀	၁၆။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရက္ခဗေဒ)
၁၆း၅၅	၅။	ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၁၇း၁၀	၆။	တေးဂီတအစီအစဉ်
၁၇း၂၅	၇။	ခါသကြိန်အဆိုအကများ
၁၇း၃၅	၈။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	Discovery
၁၈း၅၀	၁၂။	အဆိုပြိုင်ပွဲ
၁၉း၀၀	၁၃။	ခါသကြိန်အဆိုအကများ
၁၉း၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း–၅)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာရုပ်ရှင် **"ယောကျ်ားမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ"** (အပိုင်း–၁) ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊ မို့မို့မြင့်အောင်၊ မေသဥ္ဇာဦး၊ ခိုင်သင်းကြည် (ဒါရိုက်တာ–မောင်မျိုးမင်း)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဧပြီလအတွက်
(၉–၄–၂၀၀၆)ရက်နေ့ နှင့် (၃၀–၄–၂၀၀၆)ရက်နေ့

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

လှိုင်မြို့နယ် (၆)ရပ်ကွက်၌ လျှပ်စစ်မီးဖိုမှမီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် သုခလမ်းမကြီး ၅၂လမ်းသွယ် အမှတ်၅၉ရှိ ဦးစံနီ၏နေအိမ်၌ ယနေ့နံနက် ၉နာရီမိနစ်၄၀က လျှပ်စစ်မီးဖိုဖွင့်ထားရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ မီးလောင်ရာသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အထူးအရာရှိ၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ကြပ်မတ်ပေးကြပြီး မီးကိုငြိမ်းသတ်ခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

အဆိုပါမီးလောင်မှုကြောင့် ပျဉ်ထောင်အိမ်သုံးလုံး၊ တိုက်အိမ်ခြောက်လုံး ပေါင်းကိုးလုံး မီးလောင်ဆုံးရှုံး၍ တိုက်အိမ်တစ်လုံး မီးဟပ်ခံရသဖြင့် ငွေကျပ်သိန်း၃၀ခန့်ဆုံးရှုံးပြီး အိမ်ထောင်စု ၁၇စုမှ လူဦးရေ ၁၀၃ဦး မီးဘေးဒုက္ခရောက်ကာ ယာယီကယ်ဆယ်ရေးစခန်းကို အထက(၄)လှိုင်၌ ဖွင့်လှစ်လျက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့(၂၀၀၆) အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၇

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ကျန်းမာရေးနေ့(၂၀၀၆) (World Health Day-2006) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ(IBC) ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်းကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က ဖတ်ကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ကိုကို၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ သူနာပြုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်ကဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbongchang ၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo ကဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနား အပြီးတွင် ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမဆောင်အတွင်း ပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လူပ်ရှားမှုပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

(အပေါ်ပုံ)(သတင်းစဉ်)

ညောင်ပင်ဆိပ်တောရ တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် မော်လမြိုင်စက်မှုဇုန်အနီး ညောင်ပင်ဆိပ်တောရကျောင်းတိုက် (၃၃)ကြိမ်မြောက် တရားစခန်းပွဲကို အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တေဇနိယကျီဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း တေဇနိယကျီအရှင်ဝိသုတ(ဓမ္မာစရိယ) မွန်ပြည်နယ် သံဃနာယက(မူလဒ္ဓါရ) ပြည်နယ်အကျိုးတော်ဆောင် ဆရာတော်က ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ၁၃၆၇ခုနှစ် တန်ခူးလဆန်း၁၃ရက် (ဧပြီ ၁၀ရက်) ညနေ ၆နာရီအရောက် တရားစခန်းဝင်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးအပေါ်ဆုံးထပ်၌မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ၃၉ လမ်းထိပ် အမှတ်(၅၀၄/၅၀၆)ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အပေါ်ဆုံးထပ်၌ ယနေ့ည ၉နာရီ၄၅မိနစ်က မီးစတင်လောင်ကျွမ်းကာ ည ၁၁နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးစတင်လောင်ကျွမ်းသည့် အကြောင်းရင်းနှင့် ပျက်စီးဆုံးရှုံးမှုကို မသိရှိရသေးသော်လည်း လူအသေအပျောက်မရှိကြောင်းနှင့် မီးစတင်လောင်ကျွမ်းမှုနှင့် စပ်လျဉ်း၍ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မျိုးဆက်သစ် ဟော်ကီလူငယ်များ လေ့ကျင့်ပေးလျက်ရှိ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မျိုးဆက်သစ်ဟော်ကီလူငယ်များပေါ်ထွက်လာရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိရာ ယခုအခါ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမင်္ဂလာတောင်ညွန့်၊ မော်ဘီ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊လှည်းကူး၊ အင်းတိုင်နှင့် မြောက်ဥက္ကလာပ အခြေခံပညာအထက်တန်းကျောင်းများ၌ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် ကြီးကြပ်၍ အပြည်ပြည်ဆိုင်ရာလက်မှတ်ရ ဝါရင့်နည်းပညာ ဆရာများဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ **(ဝဲပုံ)** ၎င်းလူငယ်များ၏ပြိုင်ပွဲကို ဧပြီလနောက်သုံးပတ်တွင် Sponsor ဖလားပွဲတစ်ခု ကျင်းပနိုင်ရန် အဖွဲ့ချုပ်က စီစဉ်လျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူညီ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဟာဝမ်(န်)ဟိုဆေး ဂိုမေ့ဇ်ကမာချိုအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာဟာဝမ်(န်)ဟိုဆေးဂိုမေ့ဇ်ကမာချိုသည် စင်ကာပူမြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

(သတင်းစဉ်)

ကားရောင်းမည်
Sunny Pick - up
န/အက္ခရာ၊ (83)Model
အဲကွန်း၊ကက်ဆက်၊အလှိုင်းပါ
(အခွန်ဆောင်ပြီး၊ လိုင်စင်သစ်)
(107) မြေညီ၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ကျောက်တံတားမြို့နယ်။

အမည်ဖြည့်စွက်ခြင်း
အဖ ဦးအင်စွမ်ယော်၏သမီး မဆိုင်းခေါန် ၁/မကန(နိုင်)၀၀၄၂၅၈ အား မဆိုင်းခေါန်ဒါမာကေဆာ Seng Hkawn Tamma Keysar ဟု ဖြည့်စွက်ခေါ်ပါရန်။
မဆိုင်းခေါန်ဒါမာကေဆာ။

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒကျောင်းသား၊ကျောင်းသူဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒအထူးပြုဖြင့် (၁၉၉၃၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆)ခုနှစ်များတွင် စတင်တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၇-၅-၂၀၀၆ရက် (စနေနေ့)တွင် တောင်ကြီးတက္ကသိုလ်ဓမ္မာရုံ၌ ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံသို့ ဆက်သွယ်ကြပါရန်။

ကိုသန်းဌေးဝင်း	**ဖုန်း - ၀၈၁-၂၉၄၈၉**
မစန္ဒာဝင်း	**ဖုန်း - ၀၈၁-၂၁၀၁၁**
ကိုသိန်းဇော်မြင့်	**ဖုန်း - ၀၈၁-၂၄၀၂၄**
ကိုစိုင်းစိုးညွန့်	**ဖုန်း - ၀၈၁-၆၀၅၀၈**
ကိုမင်းထွဋ်ဦး	**ဖုန်း - ၀၈၁-၂၄၀၁၅**
ကိုအောင်မြတ်စိုး	**ဖုန်း - ၀၁-၅၀၃၆၀၉၊ ၅၃၆၁၆၄။**

Toyota Grande Mark II 94 Model (၁ခ/၅၅၁၄)မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ဒေါက်တာစမ်းဇာအောင် မှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၃၄၇၀၂နှင့် အများသိစေရန်အသိပေးကြေညာခြင်း

အဆိုပါ Toyota Mark II(၁ခ/၅၅၁၄) မော်တော်ယာဉ်ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဦးဖြိုးဝေဝင်း မှတ်ပုံတင်အမှတ် MBU- 098924 ထံမှ အသိသက်သေများရှေ့မှောက်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ကျွန်တော်မှဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါမော်တော်ယာဉ်ကို ကျွန်တော်၏ ခွင့်ပြုချက်မရဘဲ လက်ဝယ်ရှိနေသူ ဒေါက်တာစမ်းဇာအောင်အနေဖြင့် တစ်နည်းနည်းဖြင့် အမည်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း စသည့်ကိစ္စအဝဝကို ဆောင်ရွက်ပိုင်ခွင့် လုံးဝမရှိပါကြောင်းနှင့် ထိုသို့ပြုမူဆောင်ရွက်ရန် အားထုတ်ကြိုးပမ်းခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်းများပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ဒေါက်တာစမ်းဇာအောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ထို့အပြင် ကျွန်တော်၏ခွင့်ပြုချက်မရှိဘဲ ဝယ်ယူပါက ဝယ်ယူသူ၏ တာဝန်သာဖြစ်ကြောင်းကိုလည်း အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာကျော်ထူးလင်း
မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၀၇၅၄၁။

ကျေးဇူးဆပ်ပါမည် ယာဉ်အမှတ် ၃ခ/၅၄၇၈၏ အခွန်စာရွက်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဦးမင်းလွင် ဖုန်း-၅၆၀၉၉၄။

ခါ့စည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲ မြိတ်၌ကျင်းပ

မြိတ် မတ် ၃၁

တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ပြည်သူများစုပေါင်း၍ ခါ့စည်းရိုးကြက်ဆူ ၁၆ ဧက စိုက်ပျိုးရန် ပျိုးအိတ်ပေါင်း ၂၀၀၀၀ စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်က မြိတ်တောင်ရပ်ကွက်၌ ကျင်းပသည်။

ပျိုးထောင်စိုက်ပျိုးပေး

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်နွဲ့တို့က ပျိုးထောင်စိုက်ပျိုးပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(တိုင်း ပြန်/ဆက်)**

ဟသ္သာတခရိုင်စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်များပေးအပ် ရေရှည်တည်တံ့ရေးနှင့် လှူဒါန်းရခြင်း ရည်ရွယ်ချက်ရှင်းလင်း

ဟသ္သာတ မတ် ၂၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဟသ္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဟသ္သာတခရိုင်အတွင်းရှိ ခြောက်မြို့နယ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ အလှူငွေများနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး ချစ်မြိုင်နှင့် ခရိုင်ဦးစီးအရာရှိ ဦးစောမောင်တို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် အလှူငွေနှင့် စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းဆွေးနွေးကာ စာကြည့်တိုက်များအတွက် ငွေပဒေသာပင်စိုက်ထူရန် တစ်မြို့နယ်လျှင် အလှူငွေကျပ် နှစ်သိန်း တစ်သောင်းစီနှင့် စာအုပ် ၄၀၀ ကျော်ကို မြို့နယ်တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ပညာရေးမျှော်မှန်းချက် ကျောက်စာတိုင်ဖွင့်

ဟိုပုံး မတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ဖွင့်ပွဲ၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ ဆိုင်းဘုတ်ဖွင့်ပွဲနှင့် ပညာရေးမျှော်မှန်းချက် ကျောက်စာတိုင်ဖွင့်ပွဲအခမ်းအနားများကို မတ် ၁၀ ရက် နံနက် ၉ နာရီက ကျောက်တန်းအခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်ကြ

အခမ်းအနားသို့ ကျောက်တန်းကျေးရွာအုပ်စု၊ ဘော်ကုန်းကျေးရွာအုပ်စု၊ နောင်ဒေးကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းမူမြို့၌ ကျေးလက်စက်ရေတွင်းဖွင့်

မြင်းမူ ဧပြီ ၁

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒသမအကြိမ်မြောက် တူးဖော်ခဲ့သော နှစ်လက်မအလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက်က ထိန်ကန်ကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ စက်ရေတွင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို တာဝန်ခံအင်ဂျင်နီယာ ဦးသူရကျော်က တင်ပြပြီး စက်ရေတွင်းကို ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် တိုင်းညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင် စက်ရေတွင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဌေးက ခရိုင်ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ လည်းကောင်း၊ တိုင်းညွှန်ကြားရေးမှူးထံသို့ လည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ စက်ရေတွင်းသည် နှစ်လက်မစက်ရေတွင်း အမျိုးအစားဖြစ်ပြီး ပေ ၇၀၀ ကျော် တူးဖော်ခဲ့ရာ အလှူရှင် ဦးတင်မောင်မြင့်-ဒေါ်တင်တင်နွယ်၊ သမီး မအိတင်မောင်မြင့် (ရွှေအင်အား ကုမ္ပဏီ) က ငွေကျပ် တစ်ဆယ့် ရှစ်သိန်း ရှစ်သောင်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ကြသည်။ **(၁၆၇)**

ပညာပေး ပြောကြား

ပြည်မြို့ ကိုးသောင်းရပ်ကွက်တွင် ခရိုင်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ မတ် ၁၇ ရက်က မီးသုံးစွဲမှုကို ကြည့်ရှုစစ်ဆေးပြီး ပညာပေး ပြောကြားစဉ်။

(ခရိုင်ပြန်/ဆက်)

မောင်တောမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဧပြီ ၇

မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၃ရက် (စနေနေ့)နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မဏ္ဍလာကံယုံကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှင့် အထက်အသင်းဝင် အဘိုးအဘွား များနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများ စာရင်းကို ဧပြီ ၇ရက်(သောကြာနေ့) နောက်ဆုံးထား၍ ဗိုလ်မှူးကံသိန်းအောင်(ငြိမ်း)(ဥက္ကဋ္ဌ) ဖုန်း-၅၄၂၅၆၈၊ ဦးဇော်ဝင်း(ဒုတိယဥက္ကဋ္ဌ)ဖုန်း- ၂၉၁၉၀၇၊ ဒေါ်ခင်စောဝေ(ဘဏ္ဍာရေးမှူး)ဖုန်း- ၀၉-၅၁၆၅၅၇တို့သို့ ဆက်သွယ်ကြရန်နှင့် ရန်ကုန်ရောက်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မီးဘေးကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများ သနပ်ပင်၌ လက်တွေ့သရုပ်ပြ၊ ပညာပေးဟောပြော

သနပ်ပင် မတ် ၂၆

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ရက်က ဈေးတာဝန်ခံ ဦးဌေးဝင်းနှင့် ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ကြီးကြပ်၍ စည်ပင်သာယာဈေးကြီးအတွင်းအပြင် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ညွှန့် တို့က ကြည့်ရှုစစ်ဆေးကြပြီး**(ဝဲပုံ)** ဈေးအတွင်း မီးသုံးစွဲမှုနှင့် မီးဘေးကြိုတင်ကာကွယ်ထားရှိမှုများကို စစ်ဆေး၍ ပညာပေးဟောပြောကြသည်။ **(၃၄၇)**

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးကာကွယ်ရေးစီမံချက်အရ ပူပြင်းခြောက်သွေ့သောကာလတွင် စဉ်ဆက်မပြတ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ မတ် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသာဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးငွေထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် (၃)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအဖွဲ့ဝင်များဖြင့် မြို့မဈေးကြီးအတွင်း လျှပ်စစ်မီးသုံးစွဲမှုနှင့် လောင်စာများရှင်းလင်းမှုကို စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၉-၄-၂၀၀၆

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံနှင့်နည်းပညာတိုးတက်မှုအကြောင်း-သိပ္ပံမှူးတင်)

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (လားရှိုးမိုတယ်၏ ဝန်ဆောင်မှုများ)

၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ရေစိုစိုအလှနဲ့ နွေအပျိုနှမ)

၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ် (မာန-ပုံပြင်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကြွေရက်ကယ်စော)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (လူယဉ်ကျေးတို့၏အတာသဘင်-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇း၀၀ ဟာဒယရွှင်ဆေး (လူရွှင်တော်ပေါ်လေးနှင့်အဖွဲ့)

၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန ဟောပြောချက် (ဇာတိမာန် စာပေ-ကို-တက္ကသိုလ်)

၁၇း၃၀ သူ့အလှည့် (စည်သူလွင်)

၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း

၁၉း၁၅ မေတ္တာလက်ဆောင်ရ သကြၤန်တေးစီးရီး (နာဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် နွေဦး၏ လတန်ရူးတေးစီးရီး)

၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge

ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမှုမရှိအောင်ထိန်းချုပ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရေး ရွှေဘို၌ညှိနှိုင်း

ရွှေဘို မတ် ၃၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ပြန့်ပွားမှုမရှိအောင် ထိန်းချုပ်နိုင်ရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါထောက်လှမ်းရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ရွှေဘို)အထွေထွေရောဂါကုဆရာဝန်အဖွဲ့က ကျန်းမာရေးဦးစီးဌာန နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဆရာဝန်အသင်း(ရွှေဘို) ရုံးခန်းမ၌လည်းကောင်း၊ မတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီက ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌လည်းကောင်း ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပကြသည်။

ဆွေးနွေးပွဲသို့ ခရိုင်နှင့်မြို့နယ်များမှ ဆရာဝန်များနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ရွှေဘို)အထွေထွေရောဂါကု ဆရာဝန်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နန်းဦး ဆောင် သော စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ မတ် ၁၀ ရက်က မြို့သာ ယာ လှ ပ ရေးအတွက်လမ်းဘေး ဝဲ ယာ ၌ ပန်းအလှပင်များ စိုက်ပျိုးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်၅၀/စီနေ ဦးတင်မောင်၊ သား ဦးဌေးအောင်အားရည်စူး၍ ဒေါ်မမကြီးမိသားစုက အလှူငွေကျပ်တစ်သိန်းငါးသောင်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်(၁၆/၂) ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

သရုပ်ပြလေ့ကျင့်

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မတ် ၂၄ ရက်က ဒုတိယဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့် ဈေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ် စည်ပင်)

လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကျင်းပ

လင်းခေး ဧပြီ ၂

လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်ကို မတ် ၂၂ ရက် နံနက် ၈ နာရီက ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိုက်ကွက်မြေနေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စံပြကြက်ဆူစိုက်ခင်းတွင် ကိုင်းထိုးကြက်ဆူပင်များကိုစတင်စိုက်ပျိုးပေးခြင်း၊ ရေလောင်းပေးခြင်းနှင့် ကြက်ဆူပင်များ အစိုဓာတ်ထိန်းသိမ်းနိုင်ရန် ပြုပြင်ပေးခြင်းတို့ကို တပျော်တပါး ပါဝင်ဆောင်ရွက်ပေးကြသည်။

အလားတူခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကြက်ဆူစိုက်ခင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့် ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊အရန်မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးဌာန၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ပင်ဝေါင်အခြေခံပညာ အလယ်တန်းကျောင်း၊ ဌာနစိုက်ခင်းများသို့ လှည့်လည်ပြီး ကြက်ဆူပင်များကိုပါဝင် စိုက်ပျိုးပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုညသဟာယနေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းအတွက် ပင်မငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ မြင်းခြံ၌ကျင်းပ

မြင်းခြံ မတ် ၃၁

ကိုရီးယားရောက် မြန်မာများက မြင်းခြံမြို့ ပုညသဟာယနေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းသို့ ပင်မငွေပဒေသာပင် ငွေကျပ်သိန်း ၄၀ နှင့် ဘိုးဘွားရိပ်သာ ပင်မငွေပဒေသာပင် ငွေကျပ်သုံးသိန်းစိုက်ထူ ပေးအပ်လှူဒါန်းပွဲကို မတ် ၈ ရက်က ပုညသဟာရနေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းကွန်းတိပိဋကရေမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (ရွှေစင်တိပိဋကရေ) မြင်းခြံ ဆရာတော်ကြွရောက်ချီးမြှင့်တော်မူပြီး အလှူရှင်များကိုယ်စား မြို့နယ်ဥက္ကဋ္ဌဦးစန်းအောင်က ပုညသဟာယနေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ ဦးကျော်လှထံသို့ အလှူငွေကျပ်သိန်း ၄၀ ကိုလည်းကောင်း၊ ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်သုံးသိန်းကို ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးချိုထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(၄၀၂)**

ပုလောမြို့၌ ကျေးရွာလက်တူးရေတွင်းဖွင့်

ပုလော မတ် ၃၁

ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာတွင် လက်တူးရေတွင်းဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၇နာရီက အဆိုပါ ကျေးရွာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းထွန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးယုနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှု ဆောင်အရာရှိဦးအောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

အဆိုပါ ဖွင့်လှစ်သည့် လက်တူးရေတွင်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၄၃၇၅၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

(၇၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၇

မြန်မာ့မီးရထားဘူတာ လုလင်အောင်ခင်(ခ)မြောင်းမြ အောင်ခင်စိုးအပျော်တမ်းတေးသံရှင်(လူမှုထူးချွန်ဒုတိယဆင့်)**(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်အမျိုးသားသွေးလှူဘဏ်တွင် (၇၃) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

လက်ခံရယူ

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် မတ် ၂၁ ရက်က မော်လမြိုင်မြို့နေ ဒေါက်တာဦးမျိုးဆွေကြည်–ဒေါက်တာဒေါ်တင်တင်လှိုင်မိသားစုကငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၁၆၈)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁၀–၄–၂၀၀၆ (တနင်္လာနေ့)

- ❑ Economic Instability And Demand Management Policies
  - တတိယနှစ်စီးပွားရေး၊ အထူးပြု
- ❑ Application of Demand And Supply Analysis
  - ပထမနှစ်စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြု

၁၁–၄–၂၀၀၆ (အင်္ဂါနေ့)

- ❑ The Legal Forms of Business Ownership
  - ပထမနှစ် စီးပွားစီမံ၊ စီးပွားရေးပညာအထူးပြု
- ❑ မင်းတုန်းမင်းခေတ် သာသနာရေး (The Religious Policy of Mindon)
  - တတိယနှစ်သမိုင်းအထူးပြု
- ❑ Jurisprudence and Legal Theories
  - ပထမနှစ်ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူများ

၁၂–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ "အချင်းကဗျာစုလာ ညည်းချင်း" ကဗျာစုမှ မြန်မာ့သဘာဝအလှများ
  - ပထမနှစ်မြန်မာစာအထူးပြု
- ❑ "ဘာသာဆောင်းပါးများ ပို့ချချက်"
  - ပထမနှစ်မြန်မာစာအထူးပြု
- ❑ Small Signal Bipolar Amplifier
  - တတိယနှစ်ရူပဗေဒအထူးပြု

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သိန်း ၁၂/လမန(နိုင်)၀၈၅၉၆၉၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ဇက်၊ မြေကွက်အမှတ်(V–၃၇၉)၊ ဧရိယာ ၀ ဒသမ ၀၂၉၈ဧ ကျယ်ဝန်းသော နှစ် ၆၀ ဂရန်မြေကွက်ဟုခေါ်တွင်သော အမှတ် ၁၆၅၊ လမ်းမတော်လမ်း လမ်းမတော်မြို့နယ်ရှိ အိမ်မြေဥပစာ၏မြောက်ဘက်ခြမ်း ပေ ၁၂ ၁/၂ x ပေ ၅၀ အိမ်မြေဥပစာကို ဝယ်ယူရန်အတွက် ဦးမောင်ထွေး ၁၂/လမတ(နိုင်)၀၁၇၀၂၄ သို့စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း၏ညွှန်ကြားချက်အရ–

ဦးသိန်းညွှန့် **(B.A.,H.G.P.,R.L.,D.B.L.,D.M.L.,D.I.L.)** **တရားရုံးချုပ်ရှေ့နေ**
ရုံး–MFTB ဘဏ်ရှေ့၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၇၆၃၁၊

ဦးမိုးဇော်ဦး **L.L.B(စဉ်– ၂၄၇၂၄)** **အထက်တန်းရှေ့နေ**
အိမ်–အမှတ်(၃)၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၀၀၂၅၁။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၆၆(အမ်)

မန်နေဂျာ	**နှင့်**	၁။ ဦးစိန်သောင်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်အေးကြိုင်
ကျောက်ပန်းတောင်းမြို့။		သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်–၂၈၀ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ် မေလ ၂၉ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် နယုန်လဆန်း ၃ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်းအမှတ် (၂၀၆၈/လေးရွာ)ကွင်း၊ မြေကွက်အမှတ်(၈၁/၄၈၁) ဧရိယာ(၀ ဒသမ ၁၅၁)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၆X၃၂X၁၈)ပေ၊ နှစ်ထပ် နံကပ်တိုက် (၈ဒသမ ၆ X ၈ဒသမ ၆)ပေ၊ သံကူကွန်ကရစ်၊ ဝရန်တာ(၉X၉)လက်မ၊ သံကူကွန်ကရစ်တိုင် နေအိမ်တစ်လုံး။

ကြမ်းခင်းဈေးကျပ်သိန်း ၁၅၀တိတိ။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

(၁)နှစ်ပြည့် သတိရခြင်းနှင့် ကောင်းမှုကုသိုလ်ဒါန
ဒုအရာခံဗိုလ်ကိုကိုနိုင်

အစ်ကိုကြီး မိသားစု၊ ညီ၊ ညီမများနှင့် ခွဲခွာသွားသည်မှာ ၈–၄–၂၀၀၆ ရက်တွင် (၁)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ အောက်မေ့သတိရနေဆဲပါ။ အစ်ကိုကြီးအတွက် ရည်စူး၍ လစဉ်နှင့်(၁)နှစ်ပြည့်အလှူဒါနကုသိုလ် ကောင်းမှုအစုစုတို့အား ကောင်းမြတ်သော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ညီလေး–ကိုကိုခိုင်–မဖြူဖြူမော်နှင့်
မိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
ဒုတိယအကြိမ်မြောက် အင်ဂျင်နီယာဘွဲ့နှင့် အင်ဂျင်နီယာနည်းပညာဘွဲ့အတွက်
ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော B.E ဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော B.E ဘွဲ့ရစာမေးပွဲအောင်မြင်သူများနှင့် ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သော B.Tech ဘွဲ့ရစာမေးပွဲအောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်–

ကျင်းပမည့်နေ့ရက်	=	၁၃–၅–၂၀၀၆ရက်(စနေနေ့)
ကျင်းပမည့်နေရာ	=	သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ
ကျင်းပမည့်အချိန်	=	နံနက် (၉း၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး	=	B.E ဘွဲ့အတွက် ကျပ် ၁၅၀၀/– (ကျပ်တစ်ထောင့်ငါးရာတိတိ) B.Tech ဘွဲ့အတွက် ကျပ် ၁၀၀၀/–(ကျပ်တစ်ထောင်တိတိ)လျှောက်လွှာနှင့် အတူပေးသွင်းရန်။
အဝေးရောက်ဘွဲ့ကြေး	=	B.E ဘွဲ့အတွက် ကျပ် ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ) B.Tech ဘွဲ့အတွက် ကျပ် ၅၀၀/– (ကျပ်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။
အစမ်းလေ့ကျင့်ရက်	=	၁၂–၅–၂၀၀၆ရက်(သောကြာနေ့)နံနက်၉း၀၀နာရီ

၃။ ဘွဲ့ယူလိုသူများသည် မိမိတို့ စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်များတွင် သတ်မှတ်လျှောက်လွှာပုံစံဖြင့် ၁၂–၄–၂၀၀၆ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟုလျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကိုတစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ ကျောင်းသားရေးဌာနများတွင် စုံစမ်းနိုင်ပါသည်။

အမိန့်အရ–
ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်
ကြော်ငြာစာအမှတ်(၁/၂၀၀၆)

၁။ တရားရေးဝန်ထမ်းအဆင့်(၄)ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၁၃–၅–၂၀၀၆ ရက် (စနေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို မိမိတို့လျှောက်လွှာတင်သွင်းခဲ့သော ပြည်နယ်/တိုင်းအလိုက် အောက်ပါအစီအစဉ်အတိုင်း တရားရုံးချုပ်(ရန်ကုန်)မြို့တွင် ရုံးချိန်အတွင်းလူကိုယ်တိုင် လာရောက်ထုတ်ယူရမည်။

၂–၅–၂၀၀၆ ရက်	–	မန္တလေးတိုင်း၊
၃–၅–၂၀၀၆ ရက်	–	တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ မကွေးတိုင်း၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊
၄–၅–၂၀၀၆ ရက်	–	ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၅–၅–၂၀၀၆ ရက်	–	ရန်ကုန်တိုင်း တရားရုံးဝန်ထမ်းများ (စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်းတို့ကို ပြသရမည်ဖြစ်ပါသည်။ မူရင်းများ မပြသနိုင်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည်မဟုတ်ပါ။)

၃။ ခုံအမှတ်စာရင်း၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၂–၅–၂၀၀၆ရက်မှစ၍ တရားရုံးချုပ်(ရန်ကုန်)မြို့တွင် ကြော်ငြာထားမည်။

မှတ်ချက်။ ။(စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို စာပိုဒ်(၂)ပါ သတ်မှတ်ရက်များအတိုင်း လာရောက်ထုတ်ယူရန်ဖြစ်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ထုတ်ပေးမည်မဟုတ်ပါ။)

အများသိစေရန်ကြေညာချက်

ကျွန်မ– မယမင်းရွှေစင် ၇/ပခန(နိုင်)၀၀၃၉၂၇ က ကိုကျော်မင်းသိမ်း (ခ)မင်းမင်း (ဘ) ဦးစန်သိမ်း ၁၁/ကဖန(နိုင်) ၀၀၀၄၉၇ အပေါ်ပဲခူးတိုင်းတရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၂၅/၂၀၀၆ ၌ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုစွဲဆိုခဲ့ရာ တိုင်းတရားရုံးတော်မှ (၃၁–၃–၂၀၀၆) ရက်နေ့တွင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစေသည့် ဒီကရီကိုချမှတ်ပေးခဲ့ပြီး ဖြစ်ပါသောကြောင့် ထိုသို့အမိန့်ချမှတ်သည့်နေ့ရက်မှစ၍ကျွန်မ–မယမင်းရွှေစင်နှင့် ကိုကျော်မင်းသိမ်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မယမင်းရွှေစင်
၇/ပခန(နိုင်) ၀၀၃၉၂၇
အမှတ်(၅၀၁) လိပ်ပြာကန်(၁)လမ်း၊ ပဲခူးမြို့။

အမည်ပြောင်း

ကလေးမြို့ အလက(၁) စတုတ္ထတန်းမှ ဦးဌေးအောင်၏သမီး မဆုမြင့်မြတ်အား မမြတ်မင်းသီဟု ပြောင်းလဲ ခေါ်ပါရန်။

မမြတ်မင်းသီ။

ရောင်း၊ ဝယ်၊ ငှားမည်

ဒလမြို့ ကျွန်စစ်သား မြေကွက်များ ရောင်း၊ ဝယ်၊ ငှားလိုသည်။ ၃၁၃၃ မှ ၃၁၈၈ နှင့် ၉၉၅ မှ ၁၀၄၆ ပိုင်ရှင်များ အမြန်ဆက်သွယ်ရန်။

ဖုန်း–၂၆၉၃၈၅။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၆၅(အမ်)

မန်နေဂျာ	**နှင့်**	၁။ ဒေါ်လှဘီ
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးညွန့်ဆွေ
ကျောက်ပန်းတောင်းမြို့။		အောင်မင်္ဂလာရပ်ကွက်၊ကျောက်ပန်းတောင်းမြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်–၂၈၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ် မေလ ၂၉ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ် နယုန်လဆန်း ၃ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ် (၂၀၆၉/ခ)၊ ကျောက်ပန်းတောင်း(တောင်)ကွင်း၊ မြေကွက်အမှတ်(၂၉၅/၆၆၇)၊ ဧရိယာ(၀ ဒသမ ၀၉၀)ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၄X၅၃X၂၀)ပေရှိ နှစ်ထပ်နံကပ်တိုက်။ ကြမ်းခင်းဈေးကျပ်သိန်း၂၀၀တိတိ။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)၊ မန္တလေးတိုင်းတရားရုံး။

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အမှတ် (၁) ရပ်ကွက် သန္တာလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းရန် အမာခံကျောက်ခင်းမှုကို စက်ယန္တရားဖြင့် ဆောင်ရွက်ရာ မတ်၅ ရက်က ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မဒေါက်ဈေး မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မတ်၁၈ ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးကျော်ဌေးနှင့်ဝန်ထမ်းများ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ ဇာတ်တိုက် လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်မျိုးစုံ ပျိုးပင်များပျိုးထောင်ထားမှုကို မတ် ၃၁ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)တို့တွေ့ဆုံဆွေးနွေး နှစ်နိုင်ငံကုန်သွယ်ရေးနှင့်စီးပွားရေးအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အကြမ်းဖက်လုပ်ရပ်နှင့်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရန် အမြင်ချင်းဖလှယ်

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)တို့သည် ဧပြီ ၃ရက် ဒေသစံတော်ချိန် ညနေ၄နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Government House 5th Floor ရှိ Meeting Hall ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊

စာမျက်နှာ ၁၂ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)တို့ တွေ့ဆုံဆွေးနွေးပွဲအပြီး ဧပြီ ၃ ရက် ဒေသစံတော်ချိန် ညနေ ၅နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Government House 5th Floor ရှိ Meeting Hall ၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်) တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC ကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay Tokarev တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)